အတွဲ - ၁၊ အမှတ်-၅၊ ၂၀၂၂ ခုနှစ်၊ ဇွန်လ။

MPRL E&P Pte Ltd.

# တို့မန်းမြေ သတင်းလွှာ

မန်းရေနံမြေဒေသဖွံ့ဖြိုးရေး
CSR လုပ်ငန်းဆောင်ရွက်ချက်များ

## CSR လုပ်ငန်းဆောင်ရွက်ချက်များအပေါ် ဒေသခံများ၏ သဘောထားဆန်းစစ်သည့်စစ်တမ်းကောက်ယူ



MPRL E&P ကုမ္ပဏီသည် မန်းရေနံမြေရေနံအထွက်တိုးရေး စီမံကိန်းကို ၁၉၉၆ ခုနှစ်တွင် စတင်တာဝန်ယူဆောင်ရွက်ခဲ့ပြီး ၂၀၁၂ ခုနှစ်တွင် ရေနံမြေနှင့်ထိစပ်ကျေးရွာ (၁၄) ရွာနေ ဒေသခံများအတွက် လူမှုတာဝန်သိ CSR လုပ်ငန်းများကို စတင်ဆောင်ရွက်ခဲ့သည့်အတွက် ကုမ္ပဏီ၏ လုပ်ငန်းဆောင်ရွက်မှုများအပေါ် ဒေသခံများ၏ လူမှုရေးအရ သဘောတူညီမှုရရှိခဲ့ပြီး ကုမ္ပဏီ၏ တိုးတက်မှုနှင့်အတူ ဒေသခံများ၏ တိုးတက်မှုကိုပါ တစ်ပါတည်း အကျိုးဖြစ်ထွန်းစေရန် ဆောင်ရွက်နိုင်ခဲ့သည်။

MPRL E&P သည် CSR လုပ်ငန်းဆိုင်ရာ မူဝါဒနှင့် ရည်မှန်းချက်များကို မန်းရေနံမြေတွင် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လုပ်ငန်းများ၏ အကျိုးသက်ရောက်မှုနှင့် ကျေနပ်မှုများ၊ ရည်မှန်းအုပ်စုဝင်ဒေသခံများ၏ အကျိုးခံစားရမှုများ၊ CSR လုပ်ငန်းများကို အတူပူးပေါင်းဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းဆက်စပ်လုပ်ကိုင်သူများ၏ တုံ့ပြန်မှုများကို သိရှိနိုင်ရန်နှင့် ပိုမိုကောင်းမွန်စေရန် ပြုပြင်ပြောင်းလဲဆောင်ရွက်ရမည့် CSR လုပ်ငန်းများကို သတ်မှတ်ဖော်ထုတ်နိုင်ရန် ရည်ရွယ်၍ ၂၀၂၂ ခုနှစ်၊ မတ်လတွင် CSR လုပ်ငန်းဆောင်ရွက်ချက်များအပေါ် ဆန်းစစ်သည့် လေ့လာမှုစစ်တမ်းတစ်ခု ကောက်ယူခဲ့သည်။

စာမျက်နှာ - ၅ ➤



## ပိုမိုပြည့်စုံသည့် လူမှုအသိုက်အဝန်းဆီသို့

လူမှုဘဝများသည် နံရံလေးဘက်ကြားတွင်သာ ရှင်သန်ရခြင်းမျိုးမဟုတ်ဘဲ ပညာရပ်အသစ်များကို သင်ယူနိုင်ခွင့်၊ မိတ်ဆွေအသစ်များနှင့်တွေ့ဆုံခွင့်၊ ရပ်ရွာအရေးနှင့် တစ်ကိုယ်ရည်ဖွံ့ဖြိုးတိုးတက်ရေးတို့တွင် ပါဝင်ဆောင်ရွက်ခွင့်များနှင့် ပြည့်နှက်နေသည်မှာ အမှန်ပင်ဖြစ်သည်။

အထူးသဖြင့် စိန်ခေါ်မှုများနှင့်ပြည့်နှက်နေသည့် အချိန်ကာလတွင် လူတစ်ဦးချင်းစီနှင့် လူမှုအသိုက်အဝန်း တစ်ခုလုံးအတွက် နေ့စဉ်ဘဝအခက်အခဲများမှ ခေတ္တခဏရုန်းထွက်ပြီး မိသားစု၊ မိတ်ဆွေများနှင့် ဆက်သွယ် ပြောဆိုကာ အသိပညာဗဟုသုတနှီးနှောဖလှယ်နိုင်မည့် ရင်းနှီးနွေးထွေးသည့် ပတ်ဝန်းကျင်တစ်ခုရှိရန် လိုအပ်ပါသည်။ သို့ဖြစ်၍ အသိပညာဗဟုသုတတိုးပွားရန်၊ အချင်းချင်းဆက်သွယ်ပြောဆိုရန်၊ ကိုယ်လက်လှုပ်ရှား လေ့ကျင့်ခန်းလုပ်ရန်နှင့် အခြားရပ်ရွာအရေးကိစ္စများကို သိရှိပြီးပါဝင်ဆောင်ရွက်နိုင်ရန်၊ ကျောင်းသားလူငယ်များအတွက် ကျောင်းပြင်ပလှုပ်ရှားမှုများတွင်ပါဝင်ဆောင်ရွက်နိုင်ရန် လူထုအခြေပြုဗဟိုဌာန (Community Center) များကို နိုင်ငံတဝှမ်းတွင် လိုအပ်ချက်မြင့်မားလာရခြင်းလည်း ဖြစ်သည်။

စာမျက်နှာ - ၄ ➤





# တောင်သူသင်တန်းကျောင်းအစီအစဉ်နှင့် မန်းဒေသအသက်မွေးဝမ်းကျောင်း ဖွံ့ဖြိုးရေးလုပ်ငန်းများ အရှိန်မြှင့်တင်ဆောင်ရွက်

## ရောင်းတန်းဝင်မျိုးစေ့များအဖြစ် ထုပ်ပိုးနိုင်ရန် လက်တွေ့သရုပ်ပြသခြင်း

၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်မှစတင်၍ MPRL E&P (CSR အစီအစဉ်) ဖြင့် မန်းရေနံမြေတွင် တောင်သူသင်တန်းကျောင်း (Farmer Field School-FFS) အစီအစဉ်ကို စတင်ခဲ့ပြီး စိုက်ပျိုးရေး အလေ့အကျင့်ကောင်းများမျှဝေခြင်း၊ သီးနှံအလိုက် မျိုးကောင်းမျိုးသန့် မျိုးစေ့ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူး၊ သိုလှောင်ရောင်းချခြင်း၊ သဘာဝအပင်အားဆေးနှင့်ပိုးသတ်ဆေးများ ကိုယ်တိုင်ကိုယ်ကျထုတ်လုပ် သုံးစွဲနိုင်ရေးအတွက် တောင်သူပညာပေးအစီအစဉ်များပံ့ပိုးခြင်း စသည့် တောင်သူသိမှတ်ဖွယ်ရာများကို တောင်သူပညာပေးဆွေးနွေးပွဲများ၊ သင်တန်းများနှင့် သီးနှံရိတ်သိမ်းပြီးချိန်တွင် ပြုလုပ်သည့် ပြန်လည်သုံးသပ်သည့် အလုပ်ရုံဆွေးနွေးပွဲများဖြင့် ပံ့ပိုးလျက်ရှိသည်။ ထို့ပြင် မင်းဘူးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ စိုက်ပျိုးရေးဆိုင်ရာကျွမ်းကျင်သူများ၏ အကူအညီဖြင့် စိုက်ပျိုးရေးနည်းပညာဘာသာရပ်အလိုက် သင်တန်းပို့ချခြင်း၊ လက်တွေ့သရုပ်ပြလေ့ကျင့်ခြင်း၊ မျိုးစေ့စိုက်ပျိုး ထုတ်လုပ်မှုများကို အနီးကပ်ကွင်းဆင်းလေ့လာပြီး လိုအပ်သည့်အကြံဉာဏ်များ၊ လမ်းညွှန်မှုများပေးခြင်းနှင့် တောင်သူအချင်းချင်း အသိပညာမျှဝေနိုင်ရန် CSR လုပ်ငန်းအဖွဲ့ဝင်များက သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်လျက်ရှိသည်။

တို့မန်းမြေ သတင်းလွှာ

တို့မန်းမြေ သတင်းလွှာသည် MPRL E&P Pte Ltd. ၏ မူပိုင်ဖြစ်ပါသည်။ မြန်မာဘာသာဖြင့် ထုတ်ဝေသည့် တို့မန်းမြေသတင်းလွှာနှင့် သတင်းလွှာဆိုင်ရာ လိုဂိုအမှတ်အသား၊ သတင်းလွှာတွင်ရေးသားထားသည့် သတင်းနှင့် ဆောင်းပါးများကို တစ်စိတ်တစ်ပိုင်းသော်လည်းကောင်း၊ တစ်ပုဒ်လုံးသော်လည်းကောင်း ကူးယူ၍ တဆင့်ပြန်လည်ထုတ်ဝေခြင်း ခွင့်မပြုပါ။

**စာတည်းမှူး**
ဝတ်မှုံတင်လတ်
withmone.t.latt@mprlexp.com

**စာတည်း**
မိုးသူဇာစိုး
moe.tz.soe@mprlexp.com

ပြည့်ပြည့်ဖြိုး
pyae.p.phyo@mprlexp.com

**ဒီဇိုင်း**
ထက်နိုင်ဝင်း
htet.n.win@mprlexp.com

**MPRL E&P Pte Ltd.**
**CSR & Communications Department**

Vantage Tower - အမှတ် (၆၂၃)၊
ပြည်လမ်း၊ ကမာရွတ်မြို့နယ်
ဖုန်း - ၀၁ ၂၃၀ ၇၇၃၃
ဖက်စ် - ၉၅ ၁ ၂၃၀ ၇၇၆၆
အီးမေးလ် - mprlstaff@mprlexp.com
ဝက်ဘ်ဆိုဒ် - www.mprlexp.com



ဈေးကွက်ဝင် မျိုးစေ့ထုပ်များအဖြစ် စနစ်တကျ ထုပ်ပိုးရောင်းချနိုင်ရန် လက်တွေ့သရုပ်ပြသခြင်း

မျိုးစေ့စမ်းသပ်ထုတ်လုပ်သည့် ကနဦးစီမံချက်အရ မန်းရေနံမြေ ကျွဲချကျေးရွာနေ တောင်သူဦးသိန်းနိုင် စိုက်ပျိုးထုတ်လုပ်ခဲ့သည့် နေကြာမျိုးစေ့များကို ဈေးကွက်ဝင်မျိုးစေ့ထုပ်များအဖြစ် စိုက်ပျိုးရာသီတွင် ပြန်လည်ထုပ်ပိုးရောင်းချနိုင်ရေးအတွက် မျိုးစေ့ချိန်တွယ်နည်း၊ ထုပ်ပိုးနည်းတို့ကို စနစ်တကျဆောင်ရွက်နိုင်စေရန် CSR လုပ်ငန်းအဖွဲ့ဝင်များက မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ၂၀၂၂ ခုနှစ်၊ မေလအတွင်း ချိတ်ဆက်စီစဉ်ခဲ့သည်။ အဆိုပါလက်တွေ့သရုပ်ပြအစီအစဉ်ကို ကျွဲချကျေးရွာရှိ တောင်သူဦးသိန်းနိုင်နေအိမ်ခြံဝင်းတွင် ပြုလုပ်ခဲ့ရာ စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူးနှင့် စိုက်ပျိုးရေးတာဝန်ခံ (၂) ဦးက လက်တွေ့သရုပ်ပြသ၍ တောင်သူ (၂၄) ဦး ပါဝင်လေ့လာခဲ့ပြီး တောင်သူများထံဖြန့်ဝေနိုင်ရန် (၃) ကီလိုဂရမ်ပါ မျိုးစေ့အိတ် (၄၀) ကို ထုပ်ပိုးပြသခဲ့သည်။ လတ်တလောဈေးကွက်တွင် (၃) ကီလိုဂရမ်ပါ မျိုးစေ့ထုပ်တစ်ထုပ်လျှင် ပေါက်ဈေး ကျပ် ၁၅,၀၀၀/ နီးပါး ရှိကြောင်းသိရသည်။

## သီးနှံစိုက်ပျိုးသူတိုင်း တွင်ကျယ်စွာအသုံးပြုသင့်သည့် ငါးအမိုင်နိုအက်ဆစ်ရွက်ဖြန်းအားဆေး

ငါးအမိုင်နိုအက်ဆစ် (Fish Amino Acid-FAA) သည် ငါးအရိုးစုံ၊ တင်လဲရည် (သကာရည်) နှင့် ရေတို့ ရောစပ်ထားသော အပင်များရှင်သန်ကြီးထွားစေရေးကို အားပေးသည့် သဘာဝအားဆေးရည် ဖြစ်သည်။ ငါးအမိုင်နိုရွက်ဖြန်းအားတိုးဆေးသည် အပင်ဖွံ့ဖြိုးမှုအပေါ်တွင် သက်ရောက်မှုများစွာရှိပြီး အော်ဂဲနစ်သီးနှံ စိုက်ပျိုးထုတ်လုပ်သူများတွင်ကျယ်စွာအသုံးပြုလျက်ရှိသည့် ရွက်ဖြန်းအားဆေးလည်းဖြစ်သည်။

သတ္တဝါများကဲ့သို့ အပင်များသည်လည်း အမိုင်နိုအက်ဆစ်လိုအပ်ချက်ရှိပြီး အသားဓာတ်ပရိုတင်းများ တည်ဆောက်ရန် အခြေခံဖြစ်သည့် အမိုင်နိုအက်ဆစ်ကို အပင်များကိုယ်တိုင်ထုတ်လုပ်မှုနည်းပါးလေ့ရှိသည့်အတွက် အပင်ကြီးထွားမှု၊ အပွင့် ပွင့်သီးမှုနှင့် အထွက်နှုန်းတို့ နည်းပါးရခြင်း အကြောင်းရင်းလည်း ဖြစ်သည်။

ငါးအမိုင်နိုအက်ဆစ်တွင် အပင်များအတွက် အဓိကလိုအပ်သည့် နိုက်ထရိုဂျင်၊ ဖော့စဖရက်နှင့် ပိုတက်စီယမ်ကဲ့သို့ ကြီးထွားမှုကိုလှုံ့ဆော်သည့် ဓာတ်များပါဝင်ပြီး ပြုလုပ်သည့် ငါးအမျိုးအစားအလိုက် အာဟာရဓာတ်ပါဝင်မှုများကွာခြားနိုင်သည်။ အပင်များကို အမိုင်နိုအက်ဆစ်များ ပက်ဖြန်းပေးခြင်းဖြင့် အပင်ကြီးထွားလာချိန်တွင် ထွက်ရှိသည့်ဟော်မုန်းများကို တိုးပွားလာစေပြီး အရွက်မျက်နှာပြင်မှ စုပ်ယူနိုင်သဖြင့် ရွက်ဖြန်းအားဆေးအဖြစ်လည်းကောင်း၊ မြေဆီသြဇာတိုးတက်စေ၍ အဏုဇီဝများ ပွားများလာစေရန်အတွက် မြေဆီလွှာအတွင်း ထည့်သွင်းပေးခြင်းဖြင့်လည်းကောင်း အသုံးပြုကြသည်။



မယ်ဘော့ကုန်းနှင့် အောက်ကျောင်းကျေးရွာတို့တွင် ငါးအမိုင်နိုအက်ဆစ်ရွက်ဖြန်းအားဆေး ထုတ်လုပ်နည်းသင်တန်းပို့ချခြင်း

မန်းရေနံမြေဒေသရှိ စိုက်ပျိုးတောင်သူများ သီးနှံအထွက်တိုးရေး ကြိုးပမ်းဆောင်ရွက်ရာတွင် သဘာဝရွက်ဖြန်းအားတိုးဆေးကို ပိုမိုရွေးချယ်အသုံးပြုနိုင်ရန်နှင့် ကုန်ကျစရိတ်သက်သာစေရန် ရည်ရွယ်၍ ဒေသတွင်း တစ်နိုင်တစ်ပိုင် ထုတ်လုပ်အသုံးပြုနိုင်မည့် ငါးအမိုင်နိုအက်ဆစ်ရွက်ဖြန်း အားဆေးထုတ်လုပ်နည်းသင်တန်းများကို MPRL E&P (CSR အစီအစဉ်) ဖြင့် ပံ့ပိုးဆောင်ရွက်လျက်ရှိရာ ၂၀၂၂ ခုနှစ်၊ မေလ (၂) ရက်နေ့နှင့် (၁၁) ရက်နေ့တို့တွင် မယ်ဘော့ကုန်းနှင့်အောက်ကျောင်းကျေးရွာတို့တွင် လက်တွေ့သရုပ်ပြသခဲ့သည်။ အဆိုပါသင်တန်းများကို CSR ကွင်းဆင်းဝန်ထမ်း ဦးဝင်းကိုက ပို့ချခဲ့ပြီး မယ်ဘော့ကုန်းကျေးရွာမှ တောင်သူ (၁၁) ဦးနှင့် အောက်ကျောင်းကျေးရွာမှတောင်သူ (၆) ဦး အပါအဝင် စိုက်ပျိုးတောင်သူစုစုပေါင်း (၁၇) ဦးတက်ရောက်ခဲ့သည်။

## မျိုးစေ့ဘဏ်လုပ်ငန်းစဉ်အရ ကုလားပဲနှင့်နေကြာ မျိုးစေ့များ ပြန်လည်စုဆောင်းခြင်း

မန်းရေနံမြေဒေသတွင်း အရည်အသွေးပြည့် မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရာသီအမီ လွယ်ကူစွာရရှိနိုင်ရန်နှင့် တောင်သူများအကြား မျိုးစေ့အခက်အခဲကို ဖြေရှင်းနိုင်ရန် မျိုးစေ့ဘဏ်လုပ်ငန်းစဉ်ကို မန်းရေနံမြေထိစပ်ကျေးရွာ (၈) ရွာတွင် မျိုးစေ့စီမံခန့်ခွဲရေးကော်မတီများကို ဖွဲ့စည်းဆောင်ရွက်ခဲ့သည်။ အစီအစဉ်အရ ကုလားပဲ၊ နေကြာ၊ နှမ်းသီးနှံနှင့် ခရမ်းချဉ်သီးနှံမျိုးစေ့များကို စနစ်တကျသိုလှောင်သိမ်းဆည်းခြင်း၊ စိုက်ပျိုးရာသီအလိုက် လိုအပ်နိုင်သည့် မျိုးကောင်းမျိုးသန့်မျိုးစေ့များကို ကြိုတင်စုဆောင်းဖြည့်ဆည်းခြင်းတို့ကို MPRL E&P CSR လုပ်ငန်းအဖွဲ့ဝင်များနှင့် မျိုးစေ့စီမံခန့်ခွဲရေးကော်မတီများက ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

စာမျက်နှာ - ၅ ➤

# မန်းရေနံမြေဒေသခံလူငယ်များ အသက်မွေးဝမ်းကျောင်းဖွံ့ဖြိုးရေးအတွက် ပညာရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုနှင့် ပံ့ပိုးမှုများ အရှိန်မြှင့်တင်ဆောင်ရွက်



စိုက်ပျိုးရေးသိပ္ပံ (ပွင့်ဖြူ) ၏ စိုက်ပျိုးရေး ဒီပလိုမာ (၃) နှစ်သင်တန်းသို့ တက်ရောက်မည့် မန်ရေနံမြေဒေသခံ ပညာသင်ဆုရကျောင်းသားများ

**စိုက်ပျိုးရေးသိပ္ပံ (ပွင့်ဖြူ) ၏ (၃) နှစ်ဒီပလိုမာ သင်တန်းသို့ မန်းရေနံမြေဒေသခံကျောင်းသားများ ပညာသင်ဆုဖြင့် စတင်တက်ရောက်**

၂၀၂၂-၂၀၂၃ ပညာသင်နှစ်အတွက် စိုက်ပျိုးရေးသိပ္ပံ (ပွင့်ဖြူ) တွင် မန်းရေနံမြေဒေသခံကျောင်းသားများ တက်ရောက်သင်ကြားနိုင်ရန် အဆိုပါကျောင်း၏ ကျောင်းအုပ်ကြီးနှင့် CSR လုပ်ငန်းအဖွဲ့ဝင်များက သွားရောက်တွေ့ဆုံဆွေးနွေးခဲ့သည်။ အလားတူ မန်းရေနံမြေ ထိစပ်ကျေးရွာများမှ ရွေးချယ်ခံကျောင်းသား၊ ကျောင်းသူများနှင့် တွေ့ဆုံပြီး ကျောင်းစတင်တက်ရောက်နိုင်ရန် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ခဲ့သည်။



စိုက်ပျိုးရေးသိပ္ပံ (ပွင့်ဖြူ) တွင် သင်တန်းတက်ရောက်မည့် ကျောင်းသားများနှင့် အကြိုတွေ့ဆုံဆွေးနွေးခြင်း

MPRL E&P (CSR အစီအစဉ်) ဖြင့် ပံ့ပိုးမည့် ပညာသင်ဆုရကျောင်းသားများအနေဖြင့် စိုက်ပျိုးရေးသိပ္ပံ (ပွင့်ဖြူ) တွင် တက်ရောက်ပညာသင်ကြားမည့် ကျောင်းသားများ ကျောင်းတက်စဉ် ကာလတစ်လျှောက်လုံးတွင် သတ်မှတ်စည်းကမ်းများကို သိရှိသဘောတူ လိုက်နာဆောင်ရွက်နိုင်ရန်နှင့် ဘာသာရပ်အလိုက် သင်တန်းပြီးဆုံးသည်အထိ အောင်မြင်အောင် ကြိုးပမ်းလေ့လာနိုင်ရန် ကျောင်းသားမိဘများနှင့် ကျောင်းသားများကို CSR လုပ်ငန်းအဖွဲ့ဝင်များက CSR အစီအစဉ်ဖြင့် ပံ့ပိုးမည့်အစီအစဉ်များနှင့် ကျောင်းသားများလိုက်နာရန် စည်းကမ်းသတ်မှတ်ချက်များကို သိရှိသဘောတူ လက်မှတ်ရေးထိုးစေပြီး ကျောင်းအပ်နှံရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။



သင်တန်းတက်ရောက်မည့် ကျောင်းသား၊ မိဘများနှင့် အကြိုတွေ့ဆုံဆွေးနွေးခြင်း

စိုက်ပျိုးရေးသိပ္ပံ (ပွင့်ဖြူ) တွင် ၂၀၂၂-၂၀၂၃ ပညာသင်နှစ်မှ စတင်၍ စိုက်ပျိုးရေးနည်းပညာများနှင့် ဆက်စပ်ဘာသာရပ်များကို (၃) နှစ် ဒီပလိုမာသင်တန်းသို့ တက်ရောက်သင်ကြားနိုင်ရန် မန်းရေနံမြေဒေသခံလူငယ်များအနက် ရွေးချယ်ခံရသည့် ကျောင်းသား (၇) ဦး အတွက် MPRL E&P (CSR အစီအစဉ်) ဖြင့် ပညာသင်ဆုများချီးမြှင့်သွားမည်ဖြစ်သည်။ ပညာသင်ဆုထောက်ပံ့သည့် အစီအစဉ်တွင် ကျောင်းဝင်ကြေး၊ ကျောင်းဝတ်စုံ၊ ကျောင်းစာအုပ်နှင့် စာရေးကိရိယာများ၊ ကျောင်းအဆောင်တွင် နေထိုင်နိုင်မည့် တစ်ကိုယ်ရေသုံးပစ္စည်းများ၊ လစဉ်စားစရိတ်နှင့် အသုံးစရိတ်များအပါအဝင် အခြားလိုအပ်သည်များကိုပါ ပံ့ပိုးထောက်ပံ့ခဲ့သည်။ ၂၀၂၂ခုနှစ်၊ မေလဆန်းပိုင်းက သင်တန်းတက်ရောက်မည့်ကျောင်းသားများအတွက် တစ်ကိုယ်ရေသုံးပစ္စည်းများနှင့် လိုအပ်သည်များကို CSR လုပ်ငန်းအဖွဲ့ဝင်များက သွားရောက်ပံ့ပိုးခဲ့သည်။

စိုက်ပျိုးရေးပညာဒီပလိုမာ (၃) နှစ်သင်တန်းတက်ရောက်ရာတွင် လစဉ်ပံ့ပိုးမည့် စားစရိတ်နှင့် အသုံးစရိတ်များ အပါအဝင် ခန့်မှန်းကုန်ကျငွေ ကျပ် ၆,၀၀၀,၀၀၀/ (ကျပ်သိန်းခြောက်ဆယ်) ကျော်ကို MPRL E&P (CSR အစီအစဉ်) ဖြင့် ကျခံသုံးစွဲသွားမည်ဖြစ်သည်။ အဆိုပါ စိုက်ပျိုးရေးပညာဒီပလိုမာသင်တန်းသို့ မန်းရေနံမြေထိစပ်ကျေးရွာများဖြစ်သည့် ရွာသာကျေးရွာမှ မောင်ဇေယျာဖြိုးနှင့် မောင်ကျော်စိုးလွင်၊ မယ်ဘော့ကုန်းကျေးရွာမှ မောင်ဟိန်းပြည့်စုံအောင်နှင့် မောင်ဇေလင်းအောင်၊ ချင်တောင်ကျေးရွာမှ မချစ်နှင်းဖြူ၊ ကြာကန်ကျေးရွာမှ မဝေဝေလင်းနှင့် မသီတာအေးတို့ တက်ရောက်ခွင့်ရရှိခဲ့ပြီး ၂၀၂၂ခုနှစ်၊ မေလ (၁၂) ရက်နေ့မှစတင်၍ တက်ရောက်သင်ကြားလျက်ရှိသည်။



စိုက်ပျိုးရေးသိပ္ပံ (ပွင့်ဖြူ) သို့တက်ရောက်မည့် ပညာသင်ဆုရကျောင်းသားများအတွက် ကျောင်းသုံးနှင့် တစ်ကိုယ်ရေသုံးပစ္စည်းများကို CSR အစီအစဉ်ဖြင့် ပံ့ပိုးခြင်း

အလားတူ ပညာရေးဝန်ကြီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာနအောက်ရှိ အစိုးရနည်းပညာအထက်တန်းကျောင်း (၃၅) ကျောင်းအနက် မကွေးမြို့ရှိ အစိုးရနည်းပညာအထက်တန်းကျောင်းသို့ ကျောင်းဝင်ခွင့်ရရှိသည့် မန်းရေနံမြေ ဒေသခံလူငယ်များကို MPRL E&P (CSR အစီအစဉ်) ဖြင့်ပညာသင်ဆုချီးမြှင့်ပံ့ပိုးနိုင်ရန် လျှောက်လွှာများဖိတ်ခေါ်ခဲ့ရာ မန်းရေနံမြေထိစပ်ကျေးရွာ (၁၄) ရွာမှ ဒေသခံလူငယ် (၃) ဦး ဝင်ခွင့်ရရှိခဲ့သည်။ အဆိုပါကျောင်းသားများသည် ၂၀၂၂ ဇွန်လမှစတင်၍ နည်းပညာဘာသာရပ်များကို (၃) နှစ်ကြာ သင်ယူရမည်ဖြစ်သည်။

စာမျက်နှာ - ၉ ➤



အစိုးရနည်းပညာအထက်တန်းကျောင်းတက်ရောက်နိုင်ရန် မန်းရေနံမြေ ဒေသခံလူငယ်များနှင့်တွေ့ဆုံခြင်း



အစိုးရနည်းပညာအထက်တန်းကျောင်းတက်ရောက်နိုင်ရန် မန်းရေနံမြေ ဒေသခံလူငယ်များ ပညာသင်ဆု လျှောက်ထားနိုင်ကြောင်း ဖိတ်ခေါ်ခြင်း

မျက်နှာဖုံးမှ အဆက် ➤

မြန်မာနိုင်ငံတွင် လက်ရှိအချိန်အထိ ရပ်ရေးရွာရေး ကိစ္စရပ်များ ဆွေးနွေးရာတွင် အများပြည်သူစုဝေးတိုင်ပင်ရာအဖြစ် ဘာသာရေးနှင့်သက်ဆိုင်သည့် အဆောက်အအုံများကိုသာ အများဆုံးအသုံးပြုလျက်ရှိပြီး ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်အဆင့်တို့တွင် သတ်မှတ်လူဦးရေအလိုက် စုဝေးတိုင်ပင်ပြီး စုပေါင်းပြုလုပ်ရသည့် လုပ်ငန်းများအတွက် နေရာရှားပါးမှုလည်း မြင့်မားလျက်ရှိသည်။ သို့ဖြစ်၍ နိုင်ငံတော်အစိုးရနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများက မူလတည်ရှိပြီး ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်စာကြည့်တိုက်နေရာများကို လူထုအခြေပြုဗဟိုဌာနများအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်သည့် အစီအစဉ်ကို ပြည်နယ်နှင့်တိုင်းဒေသကြီး အသီးသီးရှိ မြို့နယ်များတွင် ၂၀၁၃ ခုနှစ်မှစတင်၍ အကောင်အထည်ဖော် တည်ဆောက်ခဲ့ပြီး ၂၀၂၂ ခုနှစ်၊ မတ်လအထိ လူထုအခြေပြုဗဟိုဌာန ပေါင်း (၂၀) ကို ဖွင့်လှစ်ခဲ့ပြီး ဖြစ်သည်။

မန်းရေနံမြေတွင် လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်လျက်ရှိသည့် MPRL E&P ကုမ္ပဏီ အနေဖြင့် လူမှုတာဝန်သိ CSR လုပ်ငန်းများကို မန်းရေနံမြေဒေသခံပြည်သူများ၏ လိုအပ်ချက်နှင့်လိုလားချက်များကို ဆန်းစစ်ပြီးမှသာ ပိုမိုပြည့်စုံသည့် လူမှုအသိုက်အဝန်းဖြစ်စေရန် သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အလိုက် ဦးစားပေးအစီအစဉ်များ သတ်မှတ်ပံ့ပိုးလျက်ရှိပါသည်။ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွင်း မန်းရေနံမြေထိစပ်ကျေးရွာများရှိ ကျေးရွာစာကြည့်တိုက်များကို လူထုအခြေပြုဗဟိုဌာနအဖြစ် အဆင့်မြှင့်တင်သည့် ကနဦးအစီအစဉ်အဖြစ် ဆောင်ရွက်နိုင်ရန် ကျေးရွာ (၁၄) ရွာရှိ စာကြည့်တိုက်များ၏ လက်ရှိအခြေအနေနှင့် ဆောင်ရွက်နိုင်မည့်လုပ်ငန်းများကို ဆန်းစစ်ပြီး အေးမြကျေးရွာစာကြည့်တိုက်ကို ကျေးရွာလူထုအခြေပြုဗဟိုဌာနအဖြစ် အဆင့်မြှင့်တင်ရန် ကနဦးစီမံချက်အဖြစ် လုပ်ငန်းစတင်ခဲ့သည်။ လူထုအခြေပြုဗဟိုဌာနအဆင့်သို့ တိုးမြှင့်သည့် လုပ်ငန်းများ မဆောင်ရွက်မီ နေရာဒေသအလိုက် တည်ဆောက်ထားရှိသည့် Community Center တစ်ခုတွင်



မန်းကျိုးနှင့်နန်းဦးကျေးရွာတို့တွင် ကျေးရွာလူထုအခြေပြုဗဟိုဌာန ကနဦးစီမံချက်အတွက် ဆွေးနွေးတိုင်ပင်ခြင်း







အေးမြကျေးရွာ လူထုအခြေပြုဗဟိုဌာန ကနဦးစီမံချက်အတွက် MPRL E&P (CSR အစီအစဉ်) ဖြင့် ဆောင်ရွက်ပြီးစီးမှုအခြေအနေ

အဆောက်အဦဖွံ့ဖြိုးရေးဆိုင်ရာ လိုအပ်ချက်များ၊ ပံ့ပိုးသင့်သည့်ဝန်ဆောင်မှုများနှင့် ပံ့ပိုးနိုင်မည့် အခြေအနေများကို လေ့လာသုံးသပ်နိုင်ရန် CSR လုပ်ငန်းအဖွဲ့ဝင်များက ထိုင်းနိုင်ငံအခြေစိုက် iGroup ၏ mangoSTEEMs အဖွဲ့အစည်းနှင့် ချိတ်ဆက်ပြီး စီမံကိန်းနေရာများတွင် တည်ငြိမ်သည့် အင်တာနက်စနစ် တပ်ဆင်နိုင်ရေး၊ ကလေးငယ်များအတွက် ဖွံ့ဖြိုးရေး အစီအစဉ်များ၊ ဒေသခံများအနက် ပညာရေးဆိုင်ရာပေါင်းစပ်ညှိနှိုင်းပေးနိုင်မည့်သူများကို သင်တန်းပို့ချနိုင်ရေးတို့ကို အကြိုညှိနှိုင်းပြင်ဆင်မှုများ ပြုလုပ်ခဲ့သည်။ အလားတူ ကနဦးစီမံကိန်းစတင်မည့် အေးမြကျေးရွာစာကြည့်တိုက်၏ မူလတည်ရှိပြီးအဆောက်အဦတွင် ပြုပြင်ထိန်းသိမ်းရန် လိုအပ်သည်များကို ဆန်းစစ်ပြီး ကြိုတင်ပြင်ဆင်ခြင်း၊ စာကြည့်တိုက်ဆိုင်ရာပံ့ပိုးမှုများအဖြစ် စာအုပ်စင်များ၊ စာအုပ်ဗီဒိုများ၊ ဖတ်ရှုသင့်သည့် စာအုပ်စာပေများကို အချိန်နှင့်တပြေးညီ ရရှိနိုင်ရေးနှင့် Community Center သို့ လာရောက်မည့် ကျေးရွာဒေသခံများကျန်းမာရေးအတွက် ကိုယ်လက်လှုပ်ရှား ပြုလုပ်နိုင်မည့် အားကစားလေ့ကျင့်သည့် ပစ္စည်းများကို သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ချိတ်ဆက်တပ်ဆင်ခဲ့သည်။ အဆိုပါ စာကြည့်တိုက်လုပ်ငန်းသုံးပရိဘောဂများနှင့် ကိုယ်လက်လှုပ်ရှား လေ့ကျင့်ခန်းပြုလုပ်ရန် အားကစားပစ္စည်းများအတွက် ကျသင့်ငွေ ကျပ် ၃,၀၂၈,၂၀၀/ (ကျပ်သိန်းသုံးဆယ် နှစ်သောင်းရှစ်ထောင့် နှစ်ရာ) ကို MPRL E&P (CSR အစီအစဉ်) ဖြင့်ပံ့ပိုးခဲ့ခြင်း ဖြစ်သည်။

ထို့ပြင် လက်ရှိလည်ပတ်ဆောင်ရွက်လျက်ရှိသော ကျေးရွာစာကြည့်တိုက်မှူးများနှင့် အရံစာကြည့်တိုက်မှူးများကို စာကြည့်တိုက်စီမံခန့်ခွဲရေးလုပ်ငန်းများဖြစ်သည့် စာအုပ်စာပေများ အမျိုးအစား ခွဲခြားခြင်း၊ စာရင်းသွင်းခြင်း၊ စာအုပ်ငှားရမ်းလည်ပတ်ပုံနှင့် အခြားစာကြည့်တိုက်ဆိုင်ရာ သိမှတ်ဖွယ်ရာများကို သိရှိနားလည်ပြီး စာကြည့်တိုက်လုပ်ငန်းကို စနစ်တကျဆောင်ရွက်နိုင်ရန် ပြန်ကြားရေးဝန်ကြီးဌာန၊ မင်းဘူးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ချိတ်ဆက်ပြီး စာကြည့်တိုက်စီမံခန့်ခွဲမှုသင်တန်းများ ပို့ချနိုင်ရေးတို့ကို ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်သည်။ ထို့ပြင် မန်းရေနံမြေ ထိစပ်ကျေးရွာများရှိ အခြားကျေးရွာ စာကြည့်တိုက်များကို Community Center အဆင့်တိုးမြှင့်ဖွင့်လှစ်နိုင်ရေးအတွက် သက်ဆိုင်ရာကျေးရွာအုပ်ချုပ်ရေးမှူး၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီများ၊ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ကြိုတင်တွေ့ဆုံဆွေးနွေးမှုများကို ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်၍ မင်းဘူးခရိုင်၊ မန်းရေနံမြေထိစပ်ကျေးရွာများတွင် ဒေသခံများ၏ပညာရေး၊ ကျန်းမာရေး၊ အသိပညာဖွံ့ဖြိုးရေးနှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းများကို ကျေးရွာလူထုအခြေပြုဗဟိုဌာနများမှတဆင့် ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ပြီး ပိုမိုပြည့်စုံသည့်လူမှုအသိုက်အဝန်းဆီသို့ ရောက်ရှိနိုင်မည့် ကနဦးခြေလှမ်းအဖြစ် MPRL E&P (CSR အစီအစဉ်) ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း တင်ပြလိုက်ပါသည်။ ■



အေးမြကျေးရွာ စာကြည့်တိုက်ကော်မတီ

ဂုဏ်ပြုမှတ်တမ်းလွှာ

မကွေးတိုင်းဒေသကြီး၊ မင်းဘူး(စကု)မြို့နယ်၊ အေးမြကျေးရွာရှိ ကျေးရွာစာကြည့်တိုက်အတွက် လိုအပ်သည့် စာကြည့်တိုက်ပရိဘောဂများနှင့် ကျေးရွာပြည်သူများ ကိုယ်လက်လေ့ကျင့်ခန်းပြုလုပ်နိုင်ရန် အားကစားပစ္စည်းများ ပံ့ပိုးခြင်းအတွက် ကုန်ကျစရိတ်စုစုပေါင်း ကျပ် ၃,၀၂၈,၂၀၀/ (ကျပ်သိန်းသုံးဆယ် နှစ်သောင်းရှစ်ထောင်နှစ်ရာတိတိ) ကို MPRL E&P (CSR အစီအစဉ်) ဖြင့် ပံ့ပိုးပါသောကြောင့် ဤဂုဏ်ပြုမှတ်တမ်းလွှာဖြင့် မှတ်တမ်းတင် ဂုဏ်ပြုအပ်ပါသည်။

| လက်မှတ် / အမည် | | | |
|---|---|---|---|
| | ဦးအောင်နိုင် | ဦးအောင်ဆို | ဦးစန်းမြိုင် |
| | ကျေးရွာအုပ်ချုပ်ရေးမှူး အေးမြကျေးရွာ | ကျေးရွာဖွံ့ဖြိုးရေးကော်မတီ အေးမြကျေးရွာ | စာကြည့်တိုက်မှူး အေးမြကျေးရွာ |

ရက်စွဲ ။ ၂၀၂၂ ခုနှစ်၊ ဧပြီလ (၃၀) ရက်



အေးမြကျေးရွာ လူထုအခြေပြုဗဟိုဌာန ကနဦးစီမံချက်အတွက်
MPRL E&P (CSR အစီအစဉ်) ဖြင့် ဆောင်ရွက်ပြီးစီးမှုအခြေအနေ

စာမျက်နှာ - ၂ မှ အဆက် ➤

၂၀၂၂ ခုနှစ် ဧပြီလတွင် ကြာကန်ကျေးရွာစိုက်ပျိုးတောင်သူများထံမှ ပြီးခဲ့သည့် စိုက်ပျိုးရာသီတွင် ဖြန့်ဝေခဲ့သော မျိုးစေ့များပြန်လည်စုဆောင်းသိမ်းယူခြင်းကို ဆောင်ရွက်နိုင်ခဲ့သည်။



မျိုးစေ့ဘဏ်အစီအစဉ်အရ ကြာကန်ကျေးရွာ စိုက်ပျိုးတောင်သူများထံမှ မျိုးစေ့များပြန်လည်သိမ်းယူစုဆောင်းခြင်း

## နေပီယာမြက်စိုက်ပျိုးထုတ်လုပ်သည့် လုပ်ငန်းများကို လေ့လာစောင့်ကြည့်ခြင်း

မန်းရေနံမြေဒေသတွင်း စိုက်ပျိုးတောင်သူများ၏ စိုက်ပျိုးရေးနှင့်အတူ ပူးတွဲလုပ်ကိုင်ဆောင်ရွက်သည့် မွေးမြူရေးလုပ်ငန်းများတွင် တိရစ္ဆာန်အစာအဖြစ်အသုံးပြုနိုင်ရန် မင်းဘူး (စကု) မြို့နယ် မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာနမှ ပံ့ပိုးသည့် နေပီယာမြက်မျိုးများကို ၂၀၂၁ -၂၀၂၂ ဘဏ္ဍာရေးနှစ် တတိယသုံးလပတ်မှစတင်၍ စိုက်ပျိုးထုတ်လုပ်ခဲ့ပြီး စိုက်ပျိုးထုတ်လုပ်မှုအခြေအနေများကို CSR ကွင်းဆင်းဝန်ထမ်းများက စောင့်ကြည့်လေ့လာလျက်ရှိသည်။ နေပီယာမြက်မျိုးများသည် မွေးမြူရေးတိရစ္ဆာန်များအတွက် အစာချောအဖြစ်အသုံးပြုနိုင်သဖြင့် တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူများက နှစ်ခြိုက်ကြကြောင်း သိရသည်။

## မန်းရေနံမြေဒေသခံများ၏ ဒေသထွက်ကုန်အမှာများ တိုးတက်ထုတ်လုပ်ခြင်း

၂၀၂၂ခုနှစ်၊ မေလအတွင်း လူငယ်သက်မွေးပညာပံ့ပိုးမှု၊ ကိုယ်ရည်ကိုယ်သွေးနှင့် လူမှုရေးဆိုင်ရာ ဖွံ့ဖြိုးမှုအတွက် လူငယ်များကိုပံ့ပိုးလျက်ရှိသော အစိုးရမဟုတ်သောအဖွဲ့အစည်းဖြစ်သည့် Step-in Step-up (SISU) နှင့် MPRL E&P CSR လုပ်ငန်းအဖွဲ့ဝင်များက SISU တည်ရှိရာ ရန်ကုန်မြို့၊ ပန်းလှိုင်အိမ်ရာသို့ သွားရောက်တွေ့ဆုံပြီး ယင်းအဖွဲ့အစည်း၏ လူငယ်ဖွံ့ဖြိုးရေးလုပ်ငန်းလုပ်ဆောင်မှု အခြေအနေများကိုလေ့လာခြင်း၊ မန်းရေနံမြေတွင် လူငယ်သက်မွေးပညာသင်တန်းများပေးလျက်ရှိသည့် အခြေအနေတို့ကို



Step-in Step-up (SISU) သို့ MPRL E&P CSR လုပ်ငန်းအဖွဲ့ဝင်များ သွားရောက်လေ့လာခြင်း

ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် မန်းရေနံမြေဒေသခံများ ထုတ်လုပ်ရောင်းချလျက်ရှိသည့် သက်မွေးပညာသင်တန်းထုတ်ကုန်များကို မိတ်ဆက်ပြသခဲ့သည်။

MPRL E&P (CSR အစီအစဉ်) ဖြင့် ပံ့ပိုးဖွင့်လှစ်ခဲ့သည့် သက်မွေးပညာသင်တန်းတက်ရောက်ခဲ့သော ဒေသခံသင်တန်းသားများ၏ ဒေသတွင်းထွက်ရှိသည့် ဆေးဘက်ဝင်သဘာဝပစ္စည်းများကို အသုံးပြုထုတ်လုပ်ထားသည့် သဘာဝခေါင်းလျှော်ရည် ဘူး (၅၀၀) ကို ဝယ်ယူရန် SISU အဖွဲ့အစည်းက အမှာပေးပို့ကမ်းလှမ်းခဲ့သည်။ အလားတူ မန်းရေနံမြေဒေသထွက်ခေါင်းလျှော်ဘူး (၅၀၀)၊ ချည်ထည်ပိုက်ဆံအိတ်အလုံး (၃၀) နှင့် တစ်ရှူးဘူးထည့်ရန် ချည်ထည်အိတ် (၁၀) လုံး အပါအဝင် ကျပ် ၁,၀၁၀,၀၀၀/ တန်ဖိုးရှိ မန်းရေနံမြေဒေသထွက်လူသုံးကုန်ပစ္စည်းများကို မှာယူခဲ့သည်။ ■



Step-in Step-up (SISU) က
မှာယူသည့် မန်းရေနံမြေဒေသခံများ၏ ဒေသထွက်ကုန်များ
ပေးပို့နိုင်ရန် ပြင်ဆင်ဆောင်ရွက်ခြင်း

မျက်နှာဖုံးမှ အဆက် ➤

လေ့လာမှုစစ်တမ်းကို ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်အတွင်း ပြောင်းလဲဖြစ်ပေါ်ခဲ့သည့် နိုင်ငံရေး အခြေအနေနှင့် ကိုဗစ်-၁၉ ရောဂါကူးစက်ပြန့်ပွားမှုများကြောင့် ကျန်းမာရေးဆိုင်ရာ ကန့်သတ်မှုများရှိချိန်တွင် CSR လုပ်ငန်းများကို ဒေသခံများနှင့် ချိတ်ဆက်ဆောင်ရွက်ရာ၌ တွေ့ကြုံရသည့် စိန်ခေါ်မှုများအပါအဝင် လက်ရှိမြန်မာ့စီးပွားရေးအခြေအနေနှင့် CSR လုပ်ငန်းနယ်ပယ်အတွက် ဒေသခံများ၏ လိုလားချက်များကို ပံ့ပိုးဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများကိုပါ ရှေးရှုဆောင်ရွက်နိုင်ရန် ကောက်ယူခဲ့ခြင်းဖြစ်သည်။ လေ့လာမှုစစ်တမ်းတွင် MPRL E&P ကုမ္ပဏီနှင့် CSR လုပ်ငန်းများကို လုပ်ကိုင်လျက်ရှိသည့် ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ကော်မတီများ၊ သက်မွေးပညာသင်တန်းသားဟောင်းများ၊ စိုက်ပျိုးတောင်သူများ၊ ဥယျာဉ်ခြံလုပ်ငန်းလုပ်ကိုင်သူများ၊ အမျိုးသား၊ အမျိုးသမီးအစုအဖွဲ့များနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို သတ်မှတ်ခွင့်ပြုချက်များအတိုင်းဆောင်ရွက်လျက်ရှိသည့် ဒေသခံစေတနာ့ဝန်ထမ်းများကို ဦးတည်အုပ်စုများသတ်မှတ်၍ မေးမြန်းထားသည့် အမေးအဖြေများအပေါ် ဆန်းစစ်တွေ့ရှိချက်ကို ဖော်ထုတ်တင်ပြခြင်းဖြစ်သည်။

အဆိုပါ စစ်တမ်းအတွက် MPRL E&P ၏ CSR & Communications အဖွဲ့ဝင်များက သက်ဆိုင်ရာ ကျေးရွာများသို့သွားရောက်၍ အိမ်ထောင်စုဝင်များနှင့် အမေးအဖြေများ ပြုလုပ်ခဲ့သည်။ အခြေခံစစ်တမ်းကောက်ယူမှုကို မန်းရေနံမြေတွင် ၂၀၂၂ ခုနှစ်၊ မတ်လ (၂၈) ရက်နေ့မှ (၃၁) ရက်နေ့ အတွင်း ပြုလုပ်ခဲ့ပြီး စစ်တမ်းပါ အချက်အလက်များကို ကောက်ယူစုစည်းနိုင်ခဲ့သည်။





စစ်တမ်းအချက်အလက်များကို သမာသမတ်ကျစွာ ကောက်ယူဆန်းစစ်နိုင်ရန် ဦးတည်အုပ်စု ဆွေးနွေးပွဲများ (Focus Group Discussion) နှင့် သက်ဆိုင်သူများကို သီးသန့်စစ်တမ်းကောက်ယူမှုအမေးအဖြေများ (Key Informant Interview) ကို CSR လုပ်ငန်းအဖွဲ့ဝင်များကိုယ်စား Communications အဖွဲ့ဝင်များက ဦးဆောင်ပြုလုပ်ခဲ့ပြီး အိမ်ထောင်စုဝင်များစစ်တမ်းကောက်ယူခြင်း (Household Survey) တွင်လည်း CSR လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ Communications အဖွဲ့ဝင်များက ပံ့ပိုးကူညီခဲ့သည်။ စစ်တမ်းရလဒ်များ အသေးစိတ်ဖော်ပြထားသည့် အစီရင်ခံစာကို “Our New Reality: Impact Assessment for Integrating Shifting Focus/ Interest of Key Stakeholders in Key Decision Making Process” အမည်ဖြင့် CSR & Communications လုပ်ငန်းအဖွဲ့ဝင်များက ရေးသားပြုစုခဲ့ပြီး ၂၀၂၂ခုနှစ်၊ ဇွန်လဆန်းတွင် အမှုဆောင်စီမံခန့်ခွဲရေးအဖွဲ့သို့ တင်ပြအစီရင်ခံသည်။ အစီရင်ခံစာပါ လေ့လာဆန်းစစ်မှုရလဒ်များအပေါ် အမှုဆောင်စီမံခန့်ခွဲရေးအဖွဲ့၏ သုံးသပ်အကြံပြုချက်များကိုအခြေခံ၍ ဆက်လက်အကောင်အထည်ဖော်မည့် လုပ်ငန်းစဉ်များကို CSR & Communications အဖွဲ့ဝင်များက စီစဉ်ဆောင်ရွက်လျက်ရှိသည်။ ■



## အရေးပေါ်ကိစ္စရပ်များတုံ့ပြန်ဆောင်ရွက်မှုအဖွဲ့ ဖွဲ့စည်းပြီး ဒေသတွင်း စေတနာ့ဝန်ထမ်းလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်လျက်ရှိ

၂၀၂၂ ခုနှစ်၊ မတ်လတွင် ဖွင့်လှစ်ပို့ချခဲ့သည့် အခြေခံရှေးဦးပြုစုနည်းသင်တန်းတွင် မန်းရေနံမြေ ထိစပ်ကျေးရွာများမှ သင်တန်းသား (၁၉) ဦးက သင်တန်းတက်ရောက်အောင်မြင်ပြီးစီးပြီးနောက် မန်းရေနံမြေဒေသခံများအတွက် အရေးပေါ်ကိစ္စရပ်များတုံ့ပြန်ဆောင်ရွက်မှုအဖွဲ့ (Emergency Response Team) ကို မင်းဘူးမြို့နယ် ကြက်ခြေနီကြီးကြပ်မှုကော်မတီ၏ လမ်းညွှန်မှုဖြင့် ဖွဲ့စည်းခဲ့ရာ တစ်ဖွဲ့လျှင် သင်တန်းသား (၇) ဦးစီဖြင့် အဖွဲ့ (၂) ဖွဲ့ ဖွဲ့စည်းနိုင်ခဲ့သည်။

မင်းဘူးမြို့နယ်နှင့်မန်းရေနံမြေဒေသအတွင်း စေတနာ့ဝန်ထမ်းအကူအညီများပေးနိုင်ရန် MPRL E&P (CSR အစီအစဉ်) ၏ ဦးဆောင်မှုဖြင့် အဆိုပါ အဖွဲ့များကို ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ ယင်းသို့ဖွဲ့စည်းရာတွင် လိုအပ်သောအုပ်ချုပ်မှုဆိုင်ရာအကြံဉာဏ်များနှင့် အထောက်အပံ့များကို မန်းရေနံမြေ CSR လုပ်ငန်းအဖွဲ့ဝင်များက ချိတ်ဆက်ပံ့ပိုးလျက်ရှိပြီး Emergency Response Team အဖွဲ့ဝင် (၁၄) ဦးအတွက် မင်းဘူးမြို့နယ်၊ ကြက်ခြေနီကြီးကြပ်မှုကော်မတီနှင့်ပူးပေါင်း၍ ကြက်ခြေနီဆိုင်ရာလုပ်ငန်းများဆောင်ရွက်ရာတွင် အသုံးပြုနိုင်ရန် MPRL E&P (CSR အစီအစဉ်) ဖြင့် ဝတ်စုံထောက်ပံ့ခြင်း၊ အဆိုပါဝတ်စုံများကို မန်းရေနံမြေဒေသခံအမျိုးသမီးအဖွဲ့အနေဖြင့် လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်လျက်ရှိသည့် "နမ္မဒါ" အပ်ချုပ်လုပ်ငန်းစုက ချုပ်လုပ်ပေးခဲ့သည်။

၂၀၂၂ ခုနှစ်၊ ဧပြီလတွင် မင်းဘူးခရိုင်၊ မင်းဘူး (စကု) မြို့နယ်၊ နှစ်သစ်ကူးအန္တရာယ်ကင်းပရိတ်ရွတ်ဖတ် ပူဇော်ပွဲနှင့်သက်ကြီး ဘိုး၊ ဘွား ပူဇော်ပွဲအခမ်းအနားတွင် ကန်တော့ခံမြို့မိမြို့ဖ၊ သက်ကြီးဝါကြီးများအတွက် လိုအပ်သည့်အကူအညီများပံ့ပိုးနိုင်ရန် သက်ဆိုင်ရာအဖွဲ့အစည်းများက အကူအညီတောင်းခံခဲ့သည့်အတွက် အဆိုပါအခမ်းအနားတွင် မန်းရေနံမြေဒေသခံ Emergency Response Team အဖွဲ့ဝင်များက စေတနာ့ဝန်ထမ်း ပါဝင်ဆောင်ရွက်လုပ်အားပေးနိုင်ခဲ့သည်။ အဖွဲ့ဝင်များအနေဖြင့် မန်းရေနံမြေနှင့် မင်းဘူးမြို့နယ်အတွင်းရှိ သာရေး၊ နာရေးနှင့် အခြားအရေးပေါ်ကိစ္စရပ်များတွင်ပါ စေတနာ့ဝန်ထမ်း ပါဝင်ဆောင်ရွက်နိုင်ရေးအတွက် CSR လုပ်ငန်းအဖွဲ့ဝင်များက လေ့လာဆန်းစစ်ကာ စဉ်ဆက်မပြတ်ပံ့ပိုးနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။ ■



*အရေးပေါ်ကိစ္စရပ်များတုံ့ပြန်ဆောင်ရွက်မှုအဖွဲ့ (Emergency Response Team) အဖွဲ့ဝင်များအတွက် ဝတ်စုံများကို နမ္မဒါ အမျိုးသမီး အပ်ချုပ်လုပ်ငန်းအဖွဲ့ဝင်များက ချုပ်လုပ်ပြီး MPRL E&P (CSR အစီအစဉ်) ဖြင့်ပံ့ပိုးခြင်း*



*အခြေခံရှေးဦးပြုစုနည်းသင်တန်းသားများဖြင့် ဖွဲ့စည်းထားသည့် အရေးပေါ်ကိစ္စရပ်များတုံ့ပြန်ဆောင်ရွက်မှုအဖွဲ့ဝင်များက မင်းဘူးခရိုင်၊ မင်းဘူး (စကု) မြို့နယ် နှစ်သစ်ကူးအန္တရာယ်ကင်းပရိတ်ရွတ်ဖတ်ပူဇော်ပွဲနှင့် သက်ကြီး ဘိုး၊ ဘွား ပူဇော်ပွဲအခမ်းအနားတွင် စေတနာ့ဝန်ထမ်းပါဝင်လုပ်အားပေးခြင်း*

## "ဖွံ့ဖြိုးလာသည့် စိမ်းလန်းစိုပြေ တို့ကျောင်းမြေ"



*လက်ပံတပင်ကျေးရွာ အခြေခံပညာကျောင်းရှိ "စိမ်းလန်းစိုပြေ တို့ကျောင်းမြေ" အစီအစဉ် တိုးတက်မှုအခြေအနေ*



*မယ်ဘော့ကုန်းကျေးရွာ အခြေခံပညာကျောင်းရှိ "စိမ်းလန်းစိုပြေ တို့ကျောင်းမြေ" အစီအစဉ် တိုးတက်မှုအခြေအနေ*

## ရေအရင်းအမြစ်ကောင်းမွန်စွာရရှိရေး ပူးပေါင်းဆောင်ရွက်လျက်ရှိ

### ပေါက်ကုန်းနှင့်ကျွဲချကျေးရွာတို့တွင် အများသုံးရေတွင်း တူးဖော်ခြင်း

၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ရန်လျာထားသည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်း လျာထားချက်များအရ ပေါက်ကုန်းနှင့်ကျွဲချကျေးရွာတို့တွင် အများသုံးရေတွင်း တူးဖော်နိုင်ရန် ၂၀၂၂ခုနှစ်၊ မေလအတွင်း CSR လုပ်ငန်းအဖွဲ့ဝင်များက သက်ဆိုင်ရာကျေးရွာများရှိ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီများ၊ ကျေးရွာစေတနာ့ဝန်ထမ်းများနှင့် အခါအားလျော်စွာ တွေ့ဆုံဆွေးနွေးခဲ့ပြီး ရေတွင်းတူးဖော်ရေးလုပ်ငန်းများကို စတင်ဆောင်ရွက်ခဲ့သည်။

ရေတွင်းတူးဖော်ရေးလုပ်ငန်းများကို ကျွဲချကျေးရွာတွင် ၂၀၂၂ ခုနှစ်၊ မေလ အတွင်းစတင်ခဲ့ပြီး ရေတွင်းအမိုးတည်ဆောက်ခြင်းနှင့် ရေစုပ်စက်နှင့် ဆက်စပ်ပစ္စည်းများ ပံ့ပိုးခြင်းတို့ကို ဆောင်ရွက်ခဲ့ရာ MPRL E&P (CSR အစီအစဉ်) ဖြင့် ကျပ် ၁,၁၀၀,၀၀၀/ (ကျပ် တစ်ဆယ့်တစ်သိန်း) နှင့် ကျေးရွာနေဒေသခံများက ကျပ် ၄၀၀,၀၀၀/ (ကျပ်လေးသိန်း) ပူးပေါင်းပါဝင်ပံ့ပိုးခဲ့သည်။ အဆိုပါ လုပ်ငန်းများကို ၂၀၂၂ခုနှစ်၊ ဇွန်လ (၁၀) ရက်နေ့တွင် အပြီးသတ်ဆောင်ရွက်ခဲ့ပြီး သက်ဆိုင်ရာကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ကျေးရွာဖွံ့ဖြိုးရေးကော်မတီများထံ စနစ်တကျ လွှဲပြောင်းပေးအပ်ပြီးဖြစ်သည်။ ထို့ပြင် ပေါက်ကုန်းကျေးရွာတွင် ရေတွင်းတူးဖော်နိုင်ရေးအတွက် CSR လုပ်ငန်းအဖွဲ့ဝင်များက သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။


ပေါက်ကုန်းကျေးရွာတွင် အများသုံးရေတွင်းတူးဖော်နိုင်ရေး မြေနေရာ ကြည့်ရှုစစ်ဆေးခြင်း


ကျွဲချကျေးရွာ အများသုံးရေတွင်းတူးဖော်ရေးလုပ်ငန်း ပြီးစီးမှုအခြေအနေ

### ရွာသာကျေးရွာမြစ်ရေတင်စီမံကိန်းအတွက် ဒီဇယ်အင်ဂျင်၊ ရေစုပ်စက်နှင့် ရေပိုက်လိုင်းများပံ့ပိုးခြင်း

MPRL E&P (CSR အစီအစဉ်) ဖြင့် ၂၀၁၅ ခုနှစ်တွင် ပံ့ပိုးခဲ့သည့် ရွာသာကျေးရွာ မြစ်ရေတင်စီမံကိန်းတွင် အသုံးပြုလျက်ရှိသည့် ဒီဇယ်အင်ဂျင်နှင့်ရေစုပ်စက်များသည် ပုံမှန်ပြုပြင်ထိန်းသိမ်းမှု အကြိမ်ကြိမ် ပြုလုပ်ခဲ့ပြီး အသစ်လဲလှယ်ရန် လိုအပ်ချက်ရှိသည်ကို ဆန်းစစ်တွေ့ရှိသဖြင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွင်း ဒေသဖွံ့ဖြိုးရေး လုပ်ငန်းဆောင်ရွက်မှုတစ်ခုအဖြစ် ပံ့ပိုးနိုင်ရန်စီစဉ်ထားရှိရာ


ရွာသာကျေးရွာ မြစ်ရေတင်စီမံကိန်းအတွက် ဒီဇယ်အင်ဂျင်၊ ရေစုပ်စက်နှင့် ရေပိုက်လိုင်းများ အသစ်တပ်ဆင်နိုင်ရေး ဆွေးနွေးခြင်း

၂၀၂၂ ခုနှစ်၊ မေလအတွင်း CSR လုပ်ငန်းအဖွဲ့ဝင်များက လုပ်ငန်းစတင်ဆောင်ရွက်နိုင်ရန် ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ကော်မတီများ၊ ဒေသခံစေတနာ့ဝန်ထမ်းများနှင့် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်။ အလားတူ မီးစက်နှင့်ရေစုပ်စက်များ အသစ်ဝယ်ယူဖြည့်ဆည်းနိုင်ရေး၊ သွယ်တန်းထားသည့် ရေပိုက်လိုင်းများတွင် ပြန်လည်ပြုပြင်တပ်ဆင်ရမည့် ရေပိုက်လိုင်းများ ဆန်းစစ်ခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။ အဆိုပါ မြစ်ရေတင်စီမံကိန်းအတွက် 25 Hp ဒီဇယ်အင်ဂျင် ၄ လက်မ ရေစုပ်စက်နှင့် PVC ရေပိုက် ပေ (၁,၃၀၀) အတွက် MPRL E&P (CSR အစီအစဉ်) ဖြင့် ကျပ် ၅,၄၄၄,၂၅၀/ နှင့် ရွာသာကျေးရွာဒေသခံများက ကျပ် ၃၃၂,၀၀၀/ ပံ့ပိုးခဲ့ပြီး စုစုပေါင်း ကျပ် ၅,၇၇၆,၂၅၀/ အကုန်အကျခံ၍ တပ်ဆင်ခဲ့ခြင်းဖြစ်သည်။ ■


ရွာသာကျေးရွာ မြစ်ရေတင်စီမံကိန်းအတွက် ဒီဇယ်အင်ဂျင်၊ ရေစုပ်စက်နှင့် ရေပိုက်လိုင်းများ အသစ်တပ်ဆင်ခြင်း

## မန်းရေနံမြေဒေသခံများအတွက် အခမဲ့ကျန်းမာရေး စောင့်ရှောက်မှုပေးလျက်ရှိသည့် MPRL E&P ၏ ရွေ့လျားဆေးပေးခန်းများ

မန်းရေနံမြေဒေသခံများအနေဖြင့် အရည်အသွေးပြည့်ဝသည့် ကျန်းမာရေးဝန်ဆောင်မှုများနှင့် ကျန်းမာရေး အသိပညာများရရှိနိုင်ရန် ကျေးရွာအရောက် ရွေ့လျားဆေးပေးခန်းများဖြင့် အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုပေးသည့် အစီအစဉ်ကို MPRL E&P က ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၁) ရက်နေ့တွင် ပြန်လည်စတင်နိုင်ခဲ့သည်။ ရွေ့လျားဆေးပေးခန်းများကို မန်းရေနံမြေထိစပ်ကျေးရွာများဖြစ်သည့် ကျွဲချ၊ ကြာကန်၊ လေးအိမ်တန်းနှင့် လက်ပံတပင်ကျေးရွာ (၄) ရွာတို့တွင် အပတ်စဉ် တနင်္လာ၊ အင်္ဂါ၊ ကြာသပတေးနှင့် သောကြာနေ့တိုင်း နံနက် (၉) နာရီမှ မွန်းတည့် (၁၂) နာရီအထိ ဖွင့်လှစ်၍ ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိသည်။

ထို့ပြင် CSR လုပ်ငန်းအဖွဲ့ဝင်များက ကျေးရွာများရှိ ဘုန်းတော်ကြီးကျောင်းများသို့ သွားရောက်၍ MPRL E&P (CSR အစီအစဉ်) ဖြင့် ပံ့ပိုးဆောင်ရွက်လျက်ရှိသည့် အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုအစီအစဉ်နှင့် ဘုန်းတော်ကြီးကျောင်းများတွင် ကျန်းမာရေးစောင့်ရှောက်မှု လိုအပ်ပါက ရွေ့လျားဆေးပေးခန်း၏ ဆရာ၊ ဆရာမများ ကိုယ်တိုင်ကိုယ်ကျ လာရောက်စောင့်ရှောက်လိုပါကြောင်း ၂၀၂၂ ခုနှစ်၊ ဧပြီလအတွင်း လျှောက်ထားတင်ပြခဲ့သည်။

၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလမှ ဇွန်လ (၂၅) ရက်နေ့ အထိ ရွေ့လျားဆေးပေးခန်းဖွင့်လှစ်သည့် အကြိမ်ရေ (၇၀) ကြိမ်ရှိပြီး ဆေးခန်းသို့ လာရောက်ပြသသည့် ဒေသခံဦးရေ (၃,၁၀၂) ဦးရှိကာ အိမ်တိုင်ရာရောက် ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိသည့် လူနာ (၄) ဦး ရှိကြောင်း CSR လုပ်ငန်းအဖွဲ့ဝင်များထံမှ သိရသည်။ လက်ရှိတွင် ရွေ့လျားဆေးပေးခန်းများတွင် လူနာများစနစ်တကျပြသနိုင်ရန်နှင့် အခမဲ့ပံ့ပိုးသည့် ဆေးဝါးများ ပြတ်လပ်မှုမရှိစေရေးအတွက် CSR လုပ်ငန်းအဖွဲ့ဝင်များနှင့် စေတနာ့ဝန်ထမ်းများက စဉ်ဆက်မပြတ် ကြိုးကြပ်ပံ့ပိုး ဆောင်ရွက်လျက်ရှိသည်။ ■





## မန်းရေနံမြေဒေသဖွံ့ဖြိုးရေးအတွက် လုပ်ငန်းဆက်စပ်လုပ်ကိုင်သူများနှင့် စဉ်ဆက်မပြတ်ထိတွေ့ဆောင်ရွက်လျက်ရှိ

### ပေါက်ကုန်းကျေးရွာ ရေဖြန့်ဝေမှုစနစ် ပြန်လည်ရရှိစေရေး ညှိနှိုင်းဆောင်ရွက်



မန်းရေနံမြေထိစပ်ကျေးရွာတစ်ခုဖြစ်သည့် ပေါက်ကုန်းကျေးရွာတွင် ကျေးရွာနေဒေသခံများအနေဖြင့် ယခင်အသုံးပြုလျက်ရှိသည့် ရေဖြန့်ဝေသည့်စနစ်တွင် ပုံမှန်ရေချိုရရှိရန် အခက်အခဲအချို့ ဖြစ်ပေါ်ခဲ့သည်။ အဆိုပါအခက်အခဲကို ဖြေရှင်းဆောင်ရွက်နိုင်ရန် ကျေးရွာဒေသခံများက ရေချိုဖြန့်ဝေမှု ပုံမှန်ပြန်လည်လည်ပတ်နိုင်ရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ရေး ကူညီပံ့ပိုးနိုင်ရန် MPRL E&P  CSR လုပ်ငန်းအဖွဲ့ဝင်များထံ အကူအညီတောင်းခံခဲ့သည်။ သို့ဖြစ်၍ CSR လုပ်ငန်းအဖွဲ့ဝင်များက ပေါက်ကုန်းကျေးရွာဒေသခံအချို့နှင့် ကျေးရွာစေတနာ့ဝန်ထမ်းတို့နှင့်အတူ ၂၀၂၂ခုနှစ်၊ ဧပြီလတွင် မန်းရေနံမြေအထွေထွေမန်နေဂျာနှင့် သွားရောက်တွေ့ဆုံကာ ဖြေရှင်းဆောင်ရွက်နိုင်မည့် နည်းလမ်းများကိုဆွေးနွေးခဲ့ပြီး ပုံမှန်ရေပေးဝေမှုစနစ်မှ ရေဖြန့်ဝေမှု ပြန်လည်ရရှိစေရန် ညှိနှိုင်းဆောင်ရွက်ခဲ့သည်။

### ၂၀၂၁ – ၂၀၂၂ ဘဏ္ဍာရေးနှစ် ဒုတိယခြောက်လပတ်ကာလ CSR လုပ်ငန်းတိုးတက်မှုအခြေအနေများ ပြန်လည်သုံးသပ်ခြင်း အစည်းအဝေးပြုလုပ်

MPRL E&P ကုမ္ပဏီ၏ CSR & Communications ဌာနသည် ၂၀၂၁ – ၂၀၂၂ ဘဏ္ဍာရေးနှစ်၏ အောက်တိုဘာလမှ မတ်လအထိ ဆောင်ရွက်ပြီးစီးခဲ့သော CSR လုပ်ငန်းဆောင်ရွက်ချက်များနှင့် လုပ်ငန်းတိုးတက်မှုအခြေအနေများကို မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း (နေပြည်တော်) ရှိ ဌာနဆိုင်ရာ တာဝန်ရှိသူများထံ ၂၀၂၂ ခုနှစ် ဇွန်လ (၃) ရက်နေ့တွင် အစီအရင်ခံတင်ပြခဲ့သည်။

အလားတူ မန်းရေနံမြေရှိ ဒေသခံများနှင့်လည်း ၂၀၂၁ – ၂၀၂၂ ဘဏ္ဍာရေးနှစ် ဒုတိယခြောက်လပတ်ကာလ CSR လုပ်ငန်းတိုးတက်မှုအခြေအနေများ ပြန်လည်သုံးသပ်ခြင်း အစည်းအဝေးကို ၂၀၂၂ ခုနှစ်၊ မေလ (၅) ရက်နေ့တွင် မန်းရေနံမြေရှိ အောက်ကျောင်းဘုရား၊ ဓမ္မာရုံ၌ ကျင်းပပြုလုပ်ခဲ့သည်။ အဆိုပါ အစည်းအဝေးသို့ ရေနံမြေထိစပ်ကျေးရွာ (၁၄) ရွာမှ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ၊ စေတနာ့ဝန်ထမ်းများအပါအဝင် ဒေသခံ (၄၀) ဦး တက်ရောက်ခဲ့ပြီး CSR & Communications အဖွဲ့ဝင်များက လုပ်ငန်းတိုးတက်မှုအခြေအနေများကို အသိပေးတင်ပြခဲ့သည်။

### စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ပိုမိုတိုးတက်ကောင်းမွန်စေရေး တွေ့ဆုံဆွေးနွေး

ယခုသုံးလပတ်ကာလအတွင်း လစဉ်အနေဖြင့် CSR ကွင်းဆင်းဝန်ထမ်းများအဖွဲ့သည် စိုက်ပျိုးရေးဦးစီးဌာန (မင်းဘူး)၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန (မင်းဘူး) တို့၏ ဦးစီးမှူးများနှင့်သွားရောက်တွေ့ဆုံ၍ မန်းရေနံမြေဒေသရှိ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ပိုမိုတိုးတက်ကောင်းမွန်စေရေး ဆွေးနွေးမှုများ ပြုလုပ်ခဲ့ပါသည်။

စိုက်ပျိုးရေးဦးစီးဌာနနှင့် သွားရောက်တွေ့ဆုံစဉ် မန်းရေနံမြေဒေသခံ တောင်သူများအတွက် နေကြာမျိုးစေ့ထုပ်ပိုးသိမ်းဆည်းမှုနည်းလမ်းများအပါအဝင် စိုက်ပျိုးရေးဆိုင်ရာ အသိပညာများ မျှဝေပေးရန် တိုင်ပင်ဆွေးနွေးခဲ့သည်။ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် တွေ့ဆုံမှုတွင် မန်းရေနံမြေဒေသခံ မွေးမြူရေးသမားများလိုအပ်မည့် ကြက်လည်လိမ်ရောဂါကာကွယ်ဆေးဖြစ်သည့် (I–2) မျက်စဉ်းဆေး အကူအညီများရရှိနိုင်ရန်၊ တိရစ္ဆာန်များ၌ ဖြစ်တတ်သော ရာသီပေါ်ရောဂါကာကွယ်ဆေးများ ရရှိနိုင်ရန်နှင့် အဆိုပါရောဂါများနှင့်ပတ်သက်၍ အသိပညာများမျှဝေပေးနိုင်ရန်ဆွေးနွေးခဲ့သည်။

### ပညာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများအတွက် တွေ့ဆုံဆွေးနွေး



ဧပြီလအတွင်း MPRL E&P ၏ CSR အဖွဲ့ဝင်များသည် အမှတ် (၅) စက်မှုသင်တန်းကျောင်း (မကွေး)၊ စိုက်ပျိုးရေးသိပ္ပံ (ပွင့်ဖြူ)၊ အစိုးရနည်းပညာအထက်တန်းကျောင်း (မကွေး)၊ ကွန်ပြူတာတက္ကသိုလ် (မကွေး) တို့၏ ကျောင်းအုပ်ကြီးများနှင့် သွားရောက်တွေ့ဆုံခဲ့သည်။ ထို့အပြင် CSR အဖွဲ့ဝင်များသည် မကွေးမြို့ရှိ “Nobel Lamp” ဆေးဝါးကျွမ်းကျင်နှင့် သူနာအကူပြုသင်တန်းကျောင်းသို့ သွားရောက်၍လည်း သူနာပြုအကူသင်တန်းနှင့်ပတ်သက်၍ မေးမြန်းစုံစမ်းမှုများ ပြုလုပ်ခဲ့သည်။

### CSR လုပ်ငန်းဆောင်ရွက်ချက်များအတွက် တာဝန်ရှိသူများနှင့်တွေ့ဆုံဆွေးနွေး

CSR & Communications အဖွဲ့ဝင်များ၏ ၂၀၂၂ ခုနှစ်၊ မေလအတွက် မန်းရေနံမြေခရီးစဉ်အတွင်း သက်ဆိုင်ရာ လုပ်ငန်းဆက်စပ်လုပ်ကိုင်သူများနှင့် တွေ့ဆုံဆွေးနွေးမှုများအပြင် MPRL E&P ၏ မန်းရေနံမြေစီမံခန့်ခွဲရေးမန်နေဂျာ (Field Operations Manager) နှင့်တွေ့ဆုံ၍ မန်းရေနံမြေ၌ ဆောင်ရွက်လျက်ရှိသော CSR လုပ်ငန်းများနှင့် CSR ကွင်းဆင်းဝန်ထမ်းဆိုင်ရာ မူဝါဒများကို သုံးသပ်ဆွေးနွေးခဲ့သည်။ ■




## မန်းဒေသခံများ၏ အကြံပြုချက်များအပေါ် အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်ဖြင့် အလေးထားဖြေရှင်းဆောင်ရွက်လျက်ရှိ

ကုမ္ပဏီနှင့်ဒေသခံများအကြား ကျေးရွာစေတနာ့ဝန်ထမ်းများ၏ ပေါင်းကူးဆက်သွယ် ဆောင်ရွက်ပေးမှုဖြင့် MPRL E&P ကုမ္ပဏီသည် အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်ကို မန်းရေနံမြေတွင် ၂၀၁၄ ခုနှစ်မှ စတင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီး အဆိုပါလုပ်ငန်းစဉ်ကြောင့် လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ရာတွင် ဒေသခံများနှင့် ကုမ္ပဏီအဖွဲ့အစည်းအကြား နှစ်ဦးနှစ်ဘက် ယုံကြည်မှု တည်ဆောက်နိုင်ပြီး ရေရှည်လုပ်ငန်း လုပ်ကိုင်ဆောင်ရွက်နိုင်ရန် အထောက်အပံ့ဖြစ်စေခဲ့သည်။


၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်၊ ပထမသုံးလပတ်အတွင်း မန်းရေနံမြေနှင့်ထိစပ်ကျေးရွာများဖြစ်သည့် ကြာကန်၊ မယ်ဘဲ့ကုန်းနှင့် မန်ကျီးချောင်းကျေးရွာတို့ရှိ ဒေသခံများထံမှ ကုမ္ပဏီ၏ လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်မှုကြောင့် ဖြစ်ပေါ်လာသည့် အကျိုးဆက် (သို့မဟုတ်) သက်ရောက်မှု၊ နစ်နာမှု တစ်စုံတစ်ရာရှိကြောင်း ပေးပို့လာသော အကြံပြုစာလွှာ စုစုပေါင်း (၄) စောင် လက်ခံရရှိခဲ့ရာ ၂၀၁၄ ခုနှစ်မှ ယနေ့အထိ ပေးပို့လာသောအကြံပြုစာ အရေအတွက် စုစုပေါင်း (၁၆၀) စောင်ရှိပြီဖြစ်သည်။

- ၁၆၀ — အကြံပြုဆွေးနွေးတင်ပြမှု
- ၁၆၀ — ဆွေးနွေးတင်ပြချက်အပေါ် ဖြေရှင်းဆောင်ရွက်မှု
- ၇ — အကြောင်းပြန်ကြားရန် အချိန်ကာလ သတ်မှတ်ချက် (ပျမ်းမျှ ၁၄အတွင်း)
- ၉ — ဖြေရှင်းဆောင်ရွက်ပြီးစီးရမည့် အချိန်ကာလ သတ်မှတ်ချက် (ပျမ်းမျှရက်ပေါင်း ၃၀ အတွင်း)
- ၁၀၀ — လုပ်ငန်းစဉ်အပေါ် ကျေနပ်မှုရာခိုင်နှုန်း သတ်မှတ်ချက် (၅၀ ရာခိုင်နှုန်း)
- ၉၈ — ရလဒ်အပေါ် ကျေနပ်မှု ရာခိုင်နှုန်း သတ်မှတ်ချက် (၅၀ ရာခိုင်နှုန်း)
- ၁ — ဖြေရှင်းဆောင်ရွက်ရန် အသိပေးကာလ သတ်မှတ်ချက် (ပျမ်းမျှ ၁ ရက်မှ ၃ ရက်)

*အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်ဆိုင်ရာ အရေးကြီးစွမ်းဆောင်ရည်ပြအညွှန်းကိန်း (၂၀၁၄ ခုနှစ်မှ ၂၀၂၂ ခုနှစ်၊ ဇွန်လအထိ)*




*၂၀၁၄ ခုနှစ်မှ ယနေ့အထိ အကြံပြုစာစုစုပေါင်းနှင့် ဆိုင်းငံ့ဖြစ်ရပ်များ*




*၂၀၁၄ ခုနှစ်မှ ယနေ့အထိ လက်ခံရရှိသည့်အကြံပြုစာများနှင့် ဖြေရှင်းဆောင်ရွက်ပြီးစီးမှုများ*

တင်ပြလာသည့်ဖြစ်စဉ်များကို MPRL E&P ၏ မန်းရေနံမြေ စီမံခန့်ခွဲရေးအဖွဲ့ (Field Operations Team) နှင့် သက်ဆိုင်ရာဌာနများပူးပေါင်း၍ စစ်ဆေးပြုပြင်မှုများ ပြုလုပ်ခဲ့ပြီးနောက် အကြံပြုလွှာများကို အောင်မြင်စွာ ပိတ်သိမ်းနိုင်ခဲ့သည်။ အဆိုပါ အကြံပြုဆွေးနွေးချက်များကို MPRL E&P အနေဖြင့် အလေးထားဖြေရှင်းပေးခဲ့သည့်အတွက် အကြံပြုစာပေးပို့သူဘက်မှ ကျေနပ်မှု ရာနှုန်းပြည့် ရရှိခဲ့ခြင်းဖြစ်သည်။ ■

စာမျက်နှာ - ၃ မှ အဆက် ➤




*အစိုးရနည်းပညာအထက်တန်းကျောင်း (မကွေး) သို့ တက်ရောက်ခွင့်ရရှိသည့် ကျောင်းသားများနှင့် သွားရောက်တွေ့ဆုံဆွေးနွေးခြင်း*

### ဆေးဝါးကျွမ်းကျင်နှင့်ကျန်းမာရေးစောင့်ရှောက်မှု သင်တန်းသားများ သင်တန်းပြီးဆုံးအောင်မြင်၍ အလုပ်အကိုင်သစ်များသို့ စတင်ဝင်ရောက်လုပ်ကိုင်

MPRL E&P CSR အစီအစဉ်ဖြင့် ပညာသင်ဆုရရှိပြီး ရောဝတီသင်တန်းကျောင်း (မင်းဘူး) က ဖွင့်လှစ် ပို့ချလျက်ရှိသည့်"ဆေးဝါးကျွမ်းကျင်နှင့် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာသင်တန်း" သို့ စာတွေ့လက်တွေ့ တက်ရောက်ပြီးစီးအောင်မြင်ခဲ့သည့် သင်တန်းသား (၅) ဦး၏ သင်တန်းဆင်းလက်မှတ် ချီးမြှင့်ပွဲကို ၂၀၂၂ ခုနှစ်၊ ဧပြီလတွင် ရန်ကုန်မြို့၌ကျင်းပခဲ့သည်။

သင်တန်းတက်ရောက်အောင်မြင်ခဲ့သည့် မန်းရေနံမြေဒေသခံသင်တန်းသား (၅) ဦးအနက် အမျိုးသားသင်တန်းသားဖြစ်သူ မောင်ကျော်မင်းသူက မင်းဘူးမြို့ရှိ ရောဝတီသင်တန်းကျောင်းက အချိန်ပိုင်း သင်တန်းနည်းပြအဖြစ် ပြန်လည်ခန့်ထားသဖြင့် အလုပ်စတင်ဝင်ရောက်နေပြီဖြစ်ပြီး အခြားသင်တန်းသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းသစ်များရရှိရေး ဆောင်ရွက်လျက်ရှိသည်။



*သူနာပြုအကူသင်တန်းသားများနှင့် သွားရောက်တွေ့ဆုံခြင်း*




*ရောဝတီသင်တန်းကျောင်း (မင်းဘူး) တွင် အချိန်ပိုင်းသင်တန်းနည်းပြအဖြစ် သင်တန်းသား မောင်ကျော်မင်းသူ လုပ်ငန်းခွင် စတင်ဝင်ရောက်ခြင်း*

### ပညာသင်ဆုရစက်မှုသင်တန်းကျောင်းသင်တန်းသားများနှင့်စဉ်ဆက်မပြတ်တွေ့ဆုံပြီး လိုအပ်သည်များ ပံ့ပိုးလျက်ရှိ

စက်မှုဝန်ကြီးဌာန၊ စက်မှုပူးပေါင်းဆောင်ရွက်ရေး ဦးစီးဌာန၊ သင်တန်းကျောင်းများကြီးကြပ်ရေးဌာန၏ အမှတ် (၅) စက်မှုသင်တန်းကျောင်း (မကွေး) တွင် "စက်မှုကျွမ်းကျင် (၁) နှစ် သင်တန်း" အမှတ်စဉ် (၁၀) သို့ MPRL E&P (CSR အစီအစဉ်) ပါ ပညာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်၏ ပညာသင်ဆုဖြင့် မန်းရေနံမြေဒေသခံ (၇) ဦး တက်ရောက်လျက်ရှိရာ CSR လုပ်ငန်းအဖွဲ့ဝင်များက ၂၀၂၂ ခုနှစ်၊ မေလအတွင်း အဆိုပါသင်တန်းကျောင်း၊ တာဝန်ရှိသူထံ သွားရောက်တွေ့ဆုံကာ သင်တန်းတက်ရောက် လေ့လာမှုအခြေအနေနှင့် သင်တန်းဆိုင်ရာ ပံ့ပိုးမှုများကို ပံ့ပိုးဆောင်ရွက်နိုင်ရေး ဆွေးနွေးခဲ့သည်။ ■



*အမှတ် (၅) စက်မှုသင်တန်းကျောင်း (မကွေး) တွင် သင်တန်းတက်ရောက်လျက်ရှိသည့် မန်းရေနံမြေဒေသခံလူငယ် (၇) ဦးနှင့် ပုံမှန်သွားရောက်တွေ့ဆုံပြီး လိုအပ်သည်များပံ့ပိုးခြင်း*

## မန်းရေနံမြေဒေသခံများ၏ ကိုယ့်အားကိုယ်ကိုး အမှိုက်သိမ်းဝန်ဆောင်မှုစနစ်



MPRL E&P ကုမ္ပဏီ၏ CSR လုပ်ငန်းအဖွဲ့ဝင်များသည် ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလမှစတင်၍ မန်းရေနံမြေဒေသခံများအတွက် ကိုယ့်အားကိုယ်ကိုး အမှိုက်သိမ်းစနစ် ထူထောင်ပေးခြင်းဖြင့် စွန့်ပစ်အမှိုက်စီမံခန့်ခွဲရေး လုပ်ငန်းများကို စနစ်တကျဆောင်ရွက်နိုင်ရန် ကျေးရွာ (၈) ရွာတွင် ကနဦး အစီအစဉ်ဖြင့် စတင်ခဲ့ရာ (၃) နှစ်တာကာလအတွင်း ကျေးရွာ (၁၃) ရွာတွင် အဆိုပါစနစ်ကို ကောင်းစွာလည်ပတ်လုပ်ကိုင်လျက်ရှိသည်။ စွန့်ပစ်အမှိုက်စီမံခန့်ခွဲရေးတွင် မန်းရေနံမြေထိစပ်ကျေးရွာတစ်ခုဖြစ်သည့် ကွဲချကျေးရွာမှ တောင်သူ ဦးသိန်းနိုင်က ကျေးရွာအလိုက် သတ်မှတ်ရက်များအတိုင်း သုံးဘီးအမှိုက်သယ်ယာဉ်ဖြင့် အမှိုက်လိုက်လံသိမ်းဆည်းပြီး အကျိုးအမြတ် ဦးတည်ခြင်းမရှိသည့် ဝန်ဆောင်ခကောက်ခံခြင်းဖြင့် ဦးစီးဆောင်ရွက်လျက်ရှိသည်။ ယင်းသို့ဆောင်ရွက်ရာတွင် အမှိုက်သိမ်းဆည်းရာတွင် လိုအပ်မည့် သုံးဘီးအမှိုက်သယ်ယာဉ်တစ်စီးကို MPRL E&P (CSR အစီအစဉ်) ဖြင့် ဝယ်ယူနိုင်ရန် စီစဉ်ပေးခဲ့ပြီး ဝန်ဆောင်မှုပေးသူက အရစ်ကျစနစ်ဖြင့် ပြန်လည်ပေးသွင်းစေခြင်းဖြင့် လုပ်ငန်းစတင်နိုင်ရန် မတည်ပံ့ပိုးခဲ့ခြင်းဖြစ်သည်။

လက်ရှိအချိန်တွင် ကျေးရွာအလိုက် သတ်မှတ်ရက်များအတိုင်း အမှိုက်သိမ်းဝန်ဆောင်မှု ပေးခြင်းဖြင့် စွန့်ပစ်အမှိုက်စီမံခန့်ခွဲရေးကို စေတနာ့ဝန်ထမ်းများနှင့် ကျေးရွာဒေသခံများကိုယ်တိုင် ဦးစီးဆောင်ရွက်နေနိုင်ပြီဖြစ်ပြီး လုပ်ငန်းပုံမှန်လည်ပတ်လုပ်ကိုင်လျက်ရှိသည်။ အလားတူ CSR လုပ်ငန်းအဖွဲ့ဝင်များက စွန့်ပစ်အမှိုက်စီမံခန့်ခွဲရေး၏ အရေးပါပုံနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးအစီအစဉ်များကို ကျေးရွာဒေသခံများနှင့် ကျောင်းသူကျောင်းသားများအတွက် အခါအားလျော်စွာ ပံ့ပိုးဆောင်ရွက်ပြီး အသိပညာမျှဝေလျက်ရှိသည်။ ထို့ပြင် ကိုယ့်အားကိုယ်ကိုး အမှိုက်သိမ်းစနစ်၊ စွန့်ပစ်အမှိုက်စီမံခန့်ခွဲရေးနှင့် Trash Hero Minbu ၏ အမှိုက်ကောက်လှုပ်ရှားမှုများကို ကောင်းစွာလည်ပတ်လုပ်ကိုင်နိုင်ရန်နှင့် စနစ်တကျဖြစ်စေရန် အမှိုက်သိမ်းဝန်ဆောင်မှုပေးသူ၊ ကျေးရွာစေတနာ့ဝန်ထမ်းများနှင့် စဉ်ဆက်မပြတ်တွေ့ဆုံ၍ စီမံအုပ်ချုပ်မှုလုပ်ငန်းများတွင် အကြံဉာဏ်နှင့် လမ်းညွှန်မှုများပေးခြင်း၊ လုပ်ငန်းလည်ပတ်ရေးတွင် လိုအပ်သည့် အခြားအကူအညီနှင့်အထောက်အပံ့များပေးခြင်းဖြင့် ကြီးကြပ်ဆောင်ရွက်လျက်ရှိသည်။ ■

## ၂၀၂၂ ခုနှစ်၊ ဇွန်လ (၅) ရက်နေ့တွင် ကျရောက်သည့် "ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့" အထိမ်းအမှတ် မန်းရေနံမြေတွင် စုပေါင်းသစ်ပင်စိုက်ပျိုးခြင်းနှင့် Trash Hero Minbu ၏ စုပေါင်းအမှိုက်ကောက်လှုပ်ရှားမှုများ










## ပြန်ကြားဆက်သွယ်ရေးလုပ်ငန်းများ စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိ

**MPRL E&P ကုမ္ပဏီများအုပ်စုအတွင်း တိုးတက်မှုများ၊ နည်းပညာဆိုင်ရာဆောင်းပါးများနှင့် CSR လုပ်ငန်းဆောင်ရွက်မှုများ ဖော်ပြပါရှိသည့် သတင်းလွှာများ ရေးသားထုတ်ဝေ**

၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလတွင် အင်္ဂလိပ်ဘာသာဖြင့် စတင်ထုတ်ဝေခဲ့သည့် Insight! သတင်းလွှာသည် လက်ရှိအချိန်တွင် အမှတ် (၃၁) အထိ ထုတ်ဝေနိုင်ခဲ့ပြီဖြစ်သည်။

၂၀၂၂ ခုနှစ်၊ ဇွန်လထုတ် Insight! သတင်းလွှာ အမှတ် (၃၁) တွင် နိုင်ငံခြားသား ရေနံပညာရှင်များ၏ ဆောင်းပါးများ၊ မြန်မာအင်ဂျင်နီယာများ၏ ကမ်းလွန်ရေနံစင်များတွင် သွားရောက်လုပ်ကိုင်ခဲ့သည့် အတွေ့အကြုံများ၊ မန်းရေနံမြေ CSR လုပ်ငန်းဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ဒေသခံများ၏ သိရှိနားလည်မှုသဘောထားဆန်းစစ်ခြင်း၊ ရေနံမြေဝန်ထမ်းများအတွက် အခါအားလျော်စွာ ပြုလုပ်ပံ့ပိုးခဲ့သည့် ကျန်းမာရေး၊ ဘေးကင်းလုံခြုံရေးနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ သင်တန်းများ၊ ဝန်ထမ်းတစ်ဦးချင်း၏ အတွေးအခေါ်၊ ခံယူချက်နှင့်အတွေ့အကြုံများ၊ Myint & Associates Telecommunications Ltd. ၏ နည်းပညာနယ်ပယ်မှအမျိုးသမီးတစ်ဦး၊ ၂၀၂၂ ခုနှစ် နှစ်ဆန်းပိုင်းတွင် ထုတ်ဝေခဲ့သည့် အမှုဆောင်အရာရှိချုပ်၏ အတ္ထုပ္ပတ္တိအပေါ် ဝန်ထမ်းအချို့၏ မှတ်ချက်စကားများစသည်ဖြင့် ကဏ္ဍပေါင်းစုံပါဝင်အောင် စုစည်းတင်ဆက်ထားသည်။




*Insight! သတင်းလွှာ အမှတ် (၃၁) ထုတ်ဝေဖြန့်ချီခြင်း*




*တို့မန်းမြေ သတင်းလွှာ အမှတ် (၅) ထုတ်ဝေဖြန့်ချီခြင်း*

MPRL E&P ၏ မန်းရေနံမြေဒေသနှင့် ဒေသခံများအတွက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် CSR လုပ်ငန်းဆောင်ရွက်ချက်များကို ဒေသခံလူထုနှင့် အများပြည်သူ ပိုမိုသိရှိနိုင်စေရည်ရွယ်၍ အဆိုပါ လစဉ်လုပ်ငန်းဆောင်ရွက်ချက် အစီရင်ခံစာကို သုံးလတစ်ကြိမ်ထုတ်ဝေသည့် “တို့မန်းမြေ” စာစောင်အဖြစ် ၂၀၂၁ခုနှစ်၊ ဧပြီလမှ စတင်ပြောင်းလဲ ထုတ်ဝေခဲ့ပြီး ၂၀၂၂ ခုနှစ်၊ ဇွန်လတွင် စာစောင်အမှတ် (၅) အထိ ထုတ်ဝေပြီးဖြစ်သည်။

လက်ရှိအချိန်တွင် Insight! သတင်းလွှာနှင့် တို့မန်းမြေ စာစောင်များကို ဒေသခံလူထုနှင့် ကုမ္ပဏီဝန်ထမ်းများ ဖတ်ရှုနိုင်ရန်သာမက ပြည်တွင်း၊ ပြည်ပရှိ မိတ်ဖက်အဖွဲ့အစည်းများထံသို့ပါ ပေးပို့လျက်ရှိပြီး အများပြည်သူဖတ်ရှုနိုင်ရန် MPRL E&P ကုမ္ပဏီ၏ အင်တာနက်စာမျက်နှာ https://mprlexp.com တွင်ပါ အချိန်နှင့်တပြေးညီ တင်ပြလျက်ရှိသည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်၊ ပထမသုံးလပတ်အတွင်း မန်းရေနံမြေတွင် ဆောင်ရွက်လျက်ရှိသည့် CSR လုပ်ငန်းဆောင်ရွက်ချက်များနှင့် ပြန်ကြားဆက်သွယ်ခြင်းလုပ်ငန်းများကို သက်ဆိုင်ရာ ဒေသခံအစုအဖွဲ့များ နားလည်သဘောပေါက် သိရှိမှုအခြေအနေနှင့် သဘောထားမှတ်ချက်များကို ဆန်းစစ်သည့် စစ်တမ်းအစီရင်ခံစာ (Impact Assessment Report) ကို ထုတ်ဝေနိုင်ခဲ့သည်။ ထို့အပြင် MPRL E&P ၏ မန်းရေနံမြေ CSR လုပ်ငန်းဆောင်ရွက်ချက်ဆိုင်ရာ သုံးလပတ်အစီရင်ခံစာ၊ အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်ဆိုင်ရာ သုံးလပတ်အစီရင်ခံစာတို့ကိုလည်း အချိန်နှင့်တပြေးညီ ရေးသားထုတ်ဝေခဲ့ပြီး ကုမ္ပဏီ၏ ဝက်ဘ်ဆိုဒ်စာမျက်နှာနှင့် သက်ဆိုင်ရာလုပ်ငန်းဆက်စပ်လုပ်ကိုင်သူများထံ ပေးပို့အစီရင်ခံတင်ပြခဲ့သည်။ ■




*၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်၊ ပထမသုံးလပတ်အတွင်း ရေးသားထုတ်ဝေခဲ့သည့် အစီအရင်ခံစာများ*




*တို့မန်းမြေစာစောင်ကို ဒေသခံများဖတ်ရှုနိုင်ရန် မန်းရေနံမြေကျေးရွာများတွင် ထားရှိသည့်ပုံစံ*



*တို့မန်းမြေ သတင်းလွှာ အမှတ် (၄) ကို သက်ဆိုင်ရာအဖွဲ့အစည်းများသို့ ဖြန့်ချီခြင်း*




ကမ္ဘာ့ကုလသမဂ္ဂ (United Nations) က စေတနာ့ဝန်ထမ်းဆောင်ရွက်မှုကို "ငွေကြေးအကျိုးအမြတ်ကြောင့် စိတ်အားထက်သန်ခြင်းမဟုတ်ဘဲ အများပြည်သူအကျိုးစီးပွားအတွက် မိမိ၏ လွတ်လပ်သောစိတ်ဆန္ဒဖြင့် ဆောင် ရွက်သည့် လုပ်ဆောင်ချက်" ဟု ဖွင့်ဆိုထားသည်။

စေတနာ့ဝန်ထမ်းအလုပ်သည် ဖွံ့ဖြိုးရေးဆိုင်ရာစိန်ခေါ်မှုများကို ဖြေရှင်းရာတွင် ဒေသခံလူထုအနေဖြင့် ပိုမိုပူးပေါင်းပါဝင်လာစေရန် ကြားခံပေါင်းကူးဆောင်ရွက်ပေးသည့် နည်းလမ်းတစ်ခုဖြစ်ပြီး အဖွဲ့အစည်းများနှင့် ဒေသခံလူထုအကြား ယုံကြည်မှုတည်ဆောက်နိုင်ရေးတွင် အရေးပါသည့် အခြေခံဆောင်ရွက်မှုလည်း ဖြစ်သည်။ စေတနာ့ဝန်ထမ်းဆောင်ရွက်မှုသည် ဖွံ့ဖြိုးရေးအစီအစဉ်များ၏ တိုးတက်မှုအရှိန်အဟုန်နှင့် သဘောသဘာဝကို ပြောင်းလဲနိုင်သည့်အပြင် ဒေသခံများအကြားယုံကြည်မှု၊ စည်းလုံးမှု၊ အပြန်အလှန်မျှဝေမှုတို့ကို ပိုမိုဖြစ်ထွန်းစေပြီး ရရှိလာသည့် အခွင့်အလမ်းများကို အကောင်အထည်ဖော်ခြင်းဖြင့် လူမှုအဖွဲ့အစည်းတစ်ရပ်လုံးအတွက်သာမက စေတနာ့ဝန်ထမ်းတစ်ဦးချင်းစီအတွက်ပါ အကျိုးဖြစ်ထွန်းစေသည့် လုပ်ငန်းလည်းဖြစ်သည်။

ထို့ပြင် ကမ္ဘာ့ကုလသမဂ္ဂက ၂၀၁၁ ခုနှစ်တွင် လူငယ်များ၏ စေတနာ့ဝန်ထမ်းအလုပ်အပေါ် အများပြည်သူ အာရုံစိုက်မှု မြင့်တက်လာစေရန်နှင့် နည်းပညာဆိုင်ရာ အကူအညီများပေးခြင်းဖြင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးဆိုင်ရာ ရည်မှန်းချက်များကို အကောင်အထည်ဖော်ရာတွင် စေတနာ့ဝန်ထမ်းဆောင်ရွက်မှုကို အရင်းအမြစ်တစ်ခုအဖြစ် အကောင်းဆုံး အသုံးချနိုင်ရန်ဟူသည့်အချက်ကို အထူးအလေးထားသည့် အချက်အဖြစ် ထပ်မံဖြည့်စွက်ခဲ့သည်။ MPRL E&P သည် ရေနံရှာဖွေတူးဖော်ထုတ်လုပ်သည့် လုပ်ငန်းများကို မန်းရေနံမြေတွင် လုပ်ကိုင်ဆောင်ရွက်ရာတွင် ၂၀၁၀ – ၂၀၁၁ ဘဏ္ဍာရေးနှစ်မှစတင်၍ လူမှုတာဝန်သိ CSR လုပ်ငန်းဆောင်ရွက်မှုကို စနစ်တကျဆောင်ရွက်နိုင်ရန် စတင်ပြင်ဆင်ခဲ့ပြီး ၂၀၁၄ ခုနှစ်တွင် လုပ်ငန်းလုပ်ကိုင်ရာ ဒေသခံများ၏ စေတနာ့ဝန်ထမ်း ဆောင်ရွက်ချက်များ အပေါ် အခြေခံ၍ ဒေသခံများ၏ စိုးရိမ်မှုများကို အလေးထားဖြေရှင်းဆောင်ရွက်သည့် အကြံပြုဆွေးနွေးခြင်း လုပ်ငန်းစဉ် (Operational Grievance Mechanism – OGM) ကို တည်ထောင်ခဲ့ခြင်း ဖြစ်သည်။

MPRL E&P ကုမ္ပဏီ CSR & Communications Department ၏ ကြီးကြပ်မှုဖြင့် မန်းရေနံမြေတွင် လူမှုတာဝန်သိ CSR လုပ်ငန်းဆောင်ရွက်ချက်များ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ရေနံမြေထိစပ်ကျေးရွာ (၁၄) ရွာရှိ ဒေသခံစေတနာ့ဝန်ထမ်း (၁၄) ဦး၏ ပူးပေါင်းပါဝင် ကြိုးပမ်းအားထုတ်မှုကို ကုမ္ပဏီများအုပ်စု၏ အမှုဆောင် စီမံခန့်ခွဲရေးအဖွဲ့ဝင်များနှင့် ဒေသခံများတွေ့ဆုံသည့် အခမ်းအနားများတွင် စေတနာ့ဝန်ထမ်းအသိအမှတ်ပြုဂုဏ်ပြုအစီအစဉ်များပါ ထည့်သွင်းဆောင်ရွက်ခဲ့သည်။




အလားတူ စေတနာ့ဝန်ထမ်းများအတွက် အသင်းအဖွဲ့အလိုက် ပူးပေါင်းဆောင်ရွက်လိုစိတ်၊ ရိုင်းပင်းကူညီစိတ်နှင့် ချစ်ခင်ရင်းနှီးမှုများ ပိုမိုဖြစ်ထွန်းစေရန် သီးခြား အသိအမှတ်ပြုအစီအစဉ်အဖြစ် အဖွဲ့လိုက်လေ့လာရေးခရီးအဖြစ် ၂၀၁၈ ခုနှစ်၊ မတ်လတွင် ရှေးဟောင်းပုဂံယဉ်ကျေးမှုနယ်မြေသို့ ပို့ဆောင်ခဲ့ရာ ရှေးဟောင်းစေတီပုထိုးများ ဖူးမြော်ခွင့်ရရှိခဲ့ပြီး ယဉ်ကျေးမှုဆိုင်ရာ အဆောက်အဦများသို့လည်း သွားရောက် လေ့လာနိုင်ခဲ့သည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် ပထမသုံးလပတ်အတွင်း စေတနာ့ဝန်ထမ်းဆောင်ရွက်မှု ဂုဏ်ပြုအစီအစဉ်အဖြစ် CSR လုပ်ငန်းအဖွဲ့ဝင်များက မန်းရေနံမြေ ဒေသခံစေတနာ့ဝန်ထမ်း (၁၄) ဦးဖြင့် မင်းဘူးခရိုင်၊ မင်းဘူးမြို့ရှိ၊ မန်းရွှေစက်တော်ဘုရားအနီး ရွှေစက်တော်ဆင်စခန်းသို့ သွားရောက်၍ အသင်းအဖွဲ့စိတ်ဓာတ်ဖွံ့ဖြိုးရေးဆိုင်ရာ ကစားနည်းများကစားခြင်း၊ ဂုဏ်ပြုအစီအစဉ်အရ ထူးချွန်စေတနာ့ဝန်ထမ်း (၅) ဦးကို ဂုဏ်ပြုဆုချီးမြှင့်ခြင်း၊ စေတနာ့ဝန်ထမ်း (၁၄) ဦးအတွက် ဂုဏ်ပြုဆုငွေနှင့်ဂုဏ်ပြုလက်မှတ်များ ချီးမြှင့်ခြင်းတို့ကို CSR & Communications Department ၏ မန်နေဂျာဦးစီး၍ ပွဲပိုးပြုလုပ်ခဲ့သည်။ ထို့ပြင် စေတနာ့ဝန်ထမ်းလစဉ် အစည်းအဝေးကိုပါ တဆက်တည်းပြုလုပ်ခဲ့သည်။

MPRL E&P သည် မန်းရေနံမြေစေတနာ့ဝန်ထမ်းများ၏ စေတနာ့ဝန်ထမ်းဆောင်ရွက်မှုအပေါ် အစဉ်တစိုက် အလေးထားခဲ့ပြီး စေတနာ့ဝန်ထမ်းတစ်ဦးချင်း၏ တစ်ကိုယ်ရေဖွံ့ဖြိုးရေးအတွက်ပါ အားထုတ်ကြိုးပမ်းလျက်ရှိရာ စေတနာ့ဝန်ထမ်းဆောင်ရွက်ချက်များကို ဒေသခံစေတနာ့ဝန်ထမ်းများက စေတနာအရင်းခံ၍ ချစ်ခင်စည်းလုံးစွာ ပိုမိုဆောင်ရွက်နိုင်လိမ့်မည်ဟု မျှော်လင့်မိပါသည်။ ■





